# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများ

( အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၄၂၆/၂၀၁၇ (၂၇-၄-၂၀၁၇) အရ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့်အညီ ပြင်ဆင်ရိုက်နှိပ်ဖြန့်ဝေပါသည်။ )

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများ

## ( မာတိကာ )


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း (၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂) | အမြဲနေထိုင်ခွင့်လျှောက်ထားခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ | ၄ |
| ၃။ | အခန်း (၃) | အမြဲနေထိုင်ခွင့်လျှောက်ထားခြင်း | ၁၀ |
| ၄။ | အခန်း (၄) | အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း | ၁၃ |
| ၅။ | အခန်း (၅) | အမြဲနေထိုင်ခွင့်သက်တမ်းနှင့် နှစ်စဉ်သက်တမ်းအတည်ပြု မှတ်ပုံတင်ခြင်း | ၁၄ |
| ၆။ | အခန်း (၆) | အမြဲနေထိုင်ခွင့်သက်တမ်းတိုး လျှောက်ထားခြင်း | ၁၅ |
| ၇။ | အခန်း (၇) | အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားခြင်း | ၁၅ |
| ၈။ | အခန်း (၈) | အမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် မိတ္တူလျှောက်ထားခြင်း | ၁၆ |
| ၉။ | အခန်း (၉) | အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ၏ ကိုယ်ရေးဖြစ်စဉ် ပြောင်းလဲခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များ | ၁၇ |
| ၁၀။ | အခန်း (၁၀) | မြန်မာနိုင်ငံအတွင်း ကလေးမွေးဖွားခြင်း သို့မဟုတ် ကလေးသေဆုံးခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များ | ၁၈ |
| ၁၁။ | အခန်း (၁၁) | အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ သေဆုံးခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များ | ၂၁ |
| ၁၂။ | အခန်း (၁၂) | အခကြေးငွေသတ်မှတ်ချက် | ၂၂ |
| ၁၃။ | အခန်း (၁၃) | အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ၏ တာဝန် နှင့် အခွင့်အရေးများ | ၂၄ |
| ၁၄။ | အခန်း (၁၄) | တားမြစ်ချက်များ နှင့် ကန့်သတ်ချက်များ | ၂၆ |
| ၁၅။ | အခန်း (၁၅) | အမြဲနေထိုင်ခွင့်ရုပ်သိမ်းခြင်း နှင့် ပယ်ဖျက်ခြင်း | ၂၇ |
| ၁၆။ | အခန်း (၁၆) | စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်း | ၂၉ |
| ၁၇။ | အခန်း (၁၇) | အထွေထွေ | ၃၀ |

# ( မာတိကာ )

## နောက်ဆက်တွဲများ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၈။ | ပုံစံအမန (၁) | နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်လွှာ | ၃၁ |
| ၁၉။ | ပုံစံအမန (၂) | အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးရန် လျှောက်လွှာပုံစံ | ၅၀ |
| ၂၀။ | ပုံစံအမန (၃) | အမြဲနေထိုင်ခွင့်လက်မှတ်သက်တမ်းအတည်ပြုမှတ်ပုံတင်ရန် လျှောက်လွှာပုံစံ | ၅၂ |
| ၂၁။ | ပုံစံအမန (၄) | အမြဲနေထိုင်ခွင့်သက်တမ်းတိုးခွင့်ပြုရန် လျှောက်လွှာပုံစံ | ၅၅ |
| ၂၂။ | ပုံစံအမန (၅) | အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ယူခွင့်လျှောက်လွှာပုံစံ | ၅၈ |
| ၂၃။ | ပုံစံအမန (၆) | အမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံး/ပျက်စီးခြင်းအတွက် မိတ္တူထုတ်ယူခွင့်လျှောက်လွှာပုံစံ | ၅၉ |
| ၂၄။ | ပုံစံအမန (၇) | အမြဲနေထိုင်ခွင့်ရရှိသူ၏ ကိုယ်ရေးဖြစ်စဉ်အကြောင်းအရာ ပြောင်းလဲခြင်းများအတွက် လျှောက်လွှာပုံစံ<br>အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ၏ နေရပ်လိပ်စာ ပြောင်းရွှေ့ခွင့်လျှောက်လွှာပုံစံ | ၆၂ |
| ၂၅။ | ပုံစံအမန (၈) | အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ သေဆုံးသဖြင့် ပယ်ဖျက်ပေးရန် လျှောက်လွှာပုံစံ | ၇၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၄**
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ၁၂ ရက်
(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည်** ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၆ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေကိုဆိုသည်။

(ခ) **အမြဲနေထိုင်ခွင့်** ဆိုသည်မှာ ဤနည်းဥပဒေများပါ အရည်အချင်း သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသားကို ခွင့်ပြုသည့် သတ်မှတ်ကာလအတွင်း မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့်ပြုခြင်းကို ဆိုသည်။

(ဂ) **အမြဲနေထိုင်ခွင့်လက်မှတ်** ဆိုသည်မှာ နိုင်ငံခြားသားတစ်ဦးကို မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့်ပြုသည့် ကာလအတွင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်နိုင်ရန် ဤနည်းဥပဒေများအရ ထုတ်ပေးထားသည့် သက်သေခံအထောက်အထား လက်မှတ်နှင့် ကတ်ကိုဆိုသည်။

(ဃ) **မြန်မာနိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသားကို ဆိုသည်။

(င) **ဧည့်နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော ဧည့်နိုင်ငံသားကို ဆိုသည်။

(စ) **နိုင်ငံသားပြုခွင့်ရသူ** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသားပြုခွင့်ရသူကို ဆိုသည်။

(ဆ) **အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြားကိုင်ဆောင်သူ** ဆိုသည်မှာ ၁၉၄၉ ခုနှစ်၊ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများနှင့်အညီ ထုတ်ပေးသော သက်သေခံကတ်ပြား ကိုင်ဆောင်သူကို ဆိုသည်။

(ဇ) **မြန်မာနိုင်ငံသားဟောင်း** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသားသော်လည်းကောင်း၊ ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသားပြုခွင့် စိစစ်ရေးကတ်ပြား သို့မဟုတ် အမျိုးသား မှတ်ပုံတင်သက်သေခံကတ်ပြား ကိုင်ဆောင်ခဲ့ဖူးသူ သော်လည်းကောင်း ဖြစ်ပြီး ပြည်ပနိုင်ငံတစ်ခုခု၏ နိုင်ငံသားအဖြစ် ခံယူထားသူကို ဆိုသည်။

(ဈ) **ကျွမ်းကျင်ပညာရှင်** ဆိုသည်မှာ လုပ်ငန်းလိုအပ်ချက်အလိုက် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် အရည်အချင်းပြည့်မီသူ ပညာရှင်ကိုဆိုသည်။

(ည) **ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်လိုသူ** ဆိုသည်မှာ **မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေ** နှင့်အညီ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများတွင် လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူကို ဆိုသည်။

(ဋ) **မြန်မာနိုင်ငံသားနှင့်ဆက်စပ်သူနိုင်ငံခြားသားများ** ဆိုသည်မှာ မြန်မာဓလေ့ ထုံးတမ်းဥပဒေ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် မြန်မာနိုင်ငံသားများ၏ လက်ထပ်ထိမ်းမြားခြင်းနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများ၊ ညွှန်ကြား ချက်များနှင့်အညီ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသော နိုင်ငံခြားသား ဇနီး သို့မဟုတ် ခင်ပွန်းနှင့် ယင်းတို့ကမွေးဖွားသော သို့မဟုတ် တရားဝင် မွေးစားသော အသက် ၁၈ နှစ်အောက် အိမ်ထောင်မပြုရသေးသည့် သားသမီးများကို ဆိုသည်။

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

(ဌ) **နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်သူ** ဆိုသည်မှာ နိုင်ငံတော်၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်တစ်ရပ်ရပ်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသရွေ့ ပါဝင် ဆောင်ရွက်နိုင်သူကို ဆိုသည်။

(ဍ) **အကောင်အထည်ဖော်ရေးဗဟိုကော်မတီ** ဆိုသည်မှာ **ပြည်ထောင်စုအစိုးရအဖွဲ့**က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းသည့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ကိုဆိုသည်။

(ဎ) **အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ** ဆိုသည်မှာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ လျှောက်ထားခြင်းများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကဖွဲ့စည်းသည့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** ကို ဆိုသည်။

(တ) **မြန်မာသံရုံးဆိုသည်မှာ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများအားလုံးကို ဆိုသည်။**

(ထ) **ဦးစီးဌာန** ဆိုသည်မှာ **လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန**ကို ဆိုသည်။

(ဒ) **ဌာနစိတ်** ဆိုသည်မှာ ဦးစီးဌာန၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ ဌာနစိတ်ကို ဆိုသည်။

(ဓ) **မြို့နယ်ဦးစီးမှူးရုံး** ဆိုသည်မှာ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး** ကို ဆိုသည်။

(န) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့် လျှောက်ထားရာ၌လည်းကောင်း၊ အမြဲနေထိုင်ခွင့်လက်မှတ်ကို ကိုင်ဆောင်အသုံးပြုရာ၌လည်းကောင်း ဤနည်းဥပဒေများအရ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိကို လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာတွင် သက်ဆိုင်သူအားစစ်ဆေးရန် **အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ တာဝန်ပေးထားခြင်းခံရသော ဝန်ကြီးဌာနမှ လူဝင်မှုကြီးကြပ်ရေးအရာရှိ နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ မြန်မာသံရုံးမှ အရာရှိ** ကို ဆိုသည်။

---

***** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။

(ပ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများပါသတ်မှတ် ပုံစံကို ဆိုသည်။

(ဖ) **နောက်ဆက်တွဲ** ဆိုသည်မှာ ဤနည်းဥပဒေများပါ လိုအပ်ချက်များကို သတ်မှတ်ဖော်ပြသည့် နောက်ဆက်တွဲကို ဆိုသည်။

## အခန်း (၂)
## အမြဲနေထိုင်ခွင့်လျှောက်ထားခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ

၃။ မြန်မာနိုင်ငံသားဟောင်း သို့မဟုတ် နိုင်ငံခြားသားသည် အောက်ပါအချက်များနှင့် ညီညွတ်လျှင် ကျွမ်းကျင်ပညာရှင်အဖြစ် အမြဲနေထိုင်ခွင့်လျှောက်ထားခွင့်ရှိသည် -

(က) မြန်မာနိုင်ငံသားဟောင်းဖြစ်ပါက **အမြဲနေထိုင်ခွင့်လျှောက်ထားသည့်နေ့မတိုင်မီ အခြေချနေထိုင်ခွင့်မရှိသည့် ဗီဇာအမျိုးအစားကို ကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ဖူးသူ သို့မဟုတ် နေထိုင်လျက်ရှိသူ** ဖြစ်ခြင်း၊

(ခ) နိုင်ငံခြားသားဖြစ်ပါက အမြဲနေထိုင်ခွင့် လျှောက်ထားသည့်နေ့မတိုင်မီ ယင်းနေ့နှင့် တစ်ဆက်တည်းဖြစ်သော ၁၀ နှစ်အတွင်း အခြေချနေထိုင်ခွင့်မရှိသည့်ဗီဇာအမျိုးအစားကို ကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် သုံးနှစ်အောက်မနည်း စဉ်ဆက်မပြတ် ဝင်ထွက်သွားလာနေထိုင်ပြီး ယင်းသို့ နေထိုင်စဉ် ပြည်ပသို့ထွက်ခွာပါက ပြည်ပ၌ နေထိုင်သောကာလသည် တစ်နှစ်အတွင်း တစ်ဆက်တည်း ရက်ပေါင်း ၉၀ ထက်မပိုခြင်း၊

(ဂ) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်၌ လုပ်ငန်းခွင် အတွေ့အကြုံရှိပြီး နိုင်ငံတော်၏ လိုအပ်ချက်နှင့် ကိုက်ညီသော နိုင်ငံအကျိုးကို ဆောင်ရွက်နိုင်သူ ပညာရှင်ဖြစ်ခြင်း၊

(ဃ) မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနက သက်ဆိုင်ရာလုပ်ငန်းတွင် ကျွမ်းကျင်ပညာရှင်ဖြစ်ကြောင်း လက်ခံအတည်ပြုသည့် သက်ဆိုင်ရာနိုင်ငံ အဖွဲ့အစည်း၏ တရားဝင်အသိအမှတ်ပြုလက်မှတ် သို့မဟုတ် အထောက်အထားတင်ပြနိုင်သူဖြစ်ခြင်း၊

(င) အမြဲနေထိုင်ခွင့်ရရှိပါက ပြည်တွင်းတွင်လုပ်ကိုင်သည့် လုပ်ငန်းအမျိုးအစား အလိုက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့် အညီ အခွန်ထမ်းဆောင်နိုင်သူဖြစ်ခြင်း၊

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

(စ) အပြည်ပြည်ဆိုင်ရာဒုက္ခသည်အဖြစ် သတ်မှတ်ခြင်းခံရသူ မဟုတ်ခြင်း၊

(ဆ) နိုင်ငံတစ်ခုခု၌ နိုင်ငံရေးခိုလှုံခွင့် ရရှိနေထိုင်သူမဟုတ်ခြင်း၊

(ဇ) ပြည်တွင်း၊ ပြည်ပ သို့မဟုတ် နိုင်ငံတကာပြစ်မှုမှတ်တမ်းတွင် စာရင်းဝင်သူ မဟုတ်ခြင်း၊

(ဈ) ကျန်းမာရေး ကောင်းမွန်ကြောင်းနှင့် ကူးစက်ရောဂါ ကင်းရှင်းကြောင်း သက်ဆိုင်ရာနိုင်ငံ၏ တရားဝင်ထောက်ခံချက်မူရင်း တင်ပြနိုင်သူဖြစ်ခြင်း၊

(ည) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာပြီး နိုင်ငံ၏ အကျိုးစီးပွားအတွက် အလေးထားလိုလားသူ၊ ကူညီပံ့ပိုးဆောင်ရွက်မည့်သူ ဖြစ်ကြောင်း ဝန်ခံချက်ပေးသူဖြစ်ခြင်း၊

(ဋ) အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက အကြောင်းကြားသည့်အခါ လျှောက်ထားသူ ကိုယ်တိုင်လာရောက်၍ အစစ်ဆေးခံနိုင်သူဖြစ်ခြင်း၊

၄။ မြန်မာနိုင်ငံသားဟောင်း သို့မဟုတ် နိုင်ငံခြားသားသည် အောက်ပါအချက်များနှင့် ညီညွတ်လျှင် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်လိုသူအဖြစ် အမြဲနေထိုင်ခွင့် လျှောက်ထား ခွင့်ရှိသည် -

(က) မြန်မာနိုင်ငံသားဟောင်းဖြစ်ပါက **အမြဲနေထိုင်ခွင့် လျှောက်ထားသည့်နေ့ မတိုင်မီ အခြေချနေထိုင်ခွင့်မရှိသည့် ဗီဇာအမျိုးအစားကို ကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ဖူးသူ သို့မဟုတ် နေထိုင်လျက်ရှိသူ** ဖြစ်ခြင်း၊

(ခ) နိုင်ငံခြားသားဖြစ်ပါက အမြဲနေထိုင်ခွင့် လျှောက်ထားသည့်နေ့မတိုင်မီ ယင်းနေ့နှင့် တစ်ဆက်တည်းဖြစ်သော ၁၀ နှစ်အတွင်း အခြေချနေထိုင်ခွင့် မရှိသည့် ဗီဇာအမျိုးအစားကို ကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် သုံးနှစ်အောက် မနည်း စဉ်ဆက်မပြတ် ဝင်ထွက်သွားလာနေထိုင်ပြီး၊ ယင်းသို့ နေထိုင်စဉ် ပြည်ပသို့ထွက်ခွာပါက ပြည်ပ၌ နေထိုင်သောကာလသည် တစ်နှစ်အတွင်း တစ်ဆက်တည်း ရက်ပေါင်း ၉၀ ထက်မပိုခြင်း၊

(ဂ) ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည်ဆိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သော ဥပဒေများ နှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်သူဖြစ်ခြင်း၊

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

(ဃ) အမြဲနေထိုင်ခွင့်ရရှိပါက ပြည်တွင်းတွင်ဆောင်ရွက်သည့် လုပ်ငန်းအမျိုးအစားအလိုက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် ညွှန်ကြားချက်များနှင့်အညီ အခွန်ထမ်းဆောင်နိုင်သူ ဖြစ်ခြင်း၊

(င) ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ညီမျှသောငွေကြေးပမာဏကို ပိုင်ဆိုင်ကြောင်း တရားဝင်အထောက်အထားတင်ပြနိုင်သူဖြစ်ခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာဒုက္ခသည်အဖြစ် သတ်မှတ်ခြင်းခံရသူ မဟုတ်ခြင်း၊

(ဆ) နိုင်ငံတစ်ခုခု၌ နိုင်ငံရေးခိုလှုံခွင့်ရရှိနေထိုင်သူ မဟုတ်ခြင်း၊

(ဇ) ပြည်တွင်း၊ ပြည်ပ သို့မဟုတ် နိုင်ငံတကာပြစ်မှုမှတ်တမ်းတွင် စာရင်းဝင်သူ မဟုတ်ခြင်း၊

(ဈ) ကျန်းမာရေး ကောင်းမွန်ကြောင်းနှင့် ကူးစက်ရောဂါ ကင်းရှင်းကြောင်း သက်ဆိုင်ရာနိုင်ငံ၏ တရားဝင် ထောက်ခံချက်မူရင်း တင်ပြနိုင်သူဖြစ်ခြင်း၊

(ည) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာနိုင်ပြီး နိုင်ငံ၏ အကျိုးစီးပွားအတွက် အလေးထားလိုလားသူ၊ ကူညီပံ့ပိုးဆောင်ရွက်မည့်သူဖြစ်ကြောင်း ဝန်ခံချက်ပေးသူဖြစ်ခြင်း၊

(ဋ) အကောင်အထည်ဖော်ရေးဗဟိုကော်မတီက အကြောင်းကြားသည့်အခါ လျှောက်ထားသူကိုယ်တိုင် လာရောက်၍ အစစ်ဆေးခံနိုင်သူဖြစ်ခြင်း၊

၅။ ကျွမ်းကျင်ပညာရှင် အဖြစ်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်လိုသူအဖြစ်သော်လည်းကောင်း ဆောင်ရွက်ရန်မရည်ရွယ်သော မြန်မာနိုင်ငံသားဟောင်းသည် အောက်ပါအချက်များနှင့် ညီညွတ်လျှင် အမြဲနေထိုင်ခွင့် လျှောက်ထားခွင့်ရှိသည် -

(က) **အမြဲနေထိုင်ခွင့်လျှောက်ထားသည့်နေ့မတိုင်မီ အခြေချနေထိုင်ခွင့်မရှိသည့်ဗီဇာအမျိုးအစားကို ကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ဖူးသူ သို့မဟုတ် နေထိုင်လျက်ရှိသူ** ဖြစ်ခြင်း၊

(ခ) နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်သူ ဖြစ်ခြင်း၊

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

(ဂ) မြန်မာနိုင်ငံအတွင်းနေထိုင်စဉ် နေထိုင်စားသောက်ရေးအတွက် ငွေကြေး အလုံအလောက်ရှိသူ သို့မဟုတ် ယင်း၏ နေထိုင်စားသောက်ရေးအတွက် မြန်မာနိုင်ငံအတွင်း အခြေချနေထိုင်သူ မြန်မာနိုင်ငံသားက တာဝန်ယူ ကြောင်း အာမခံချက် တင်ပြနိုင်သူ ဖြစ်ခြင်း၊

(ဃ) ဝင်ငွေရရှိသော လုပ်ငန်းတစ်စုံတစ်ရာ ဆောင်ရွက်ပါက တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ အခွန်ထမ်းဆောင် နိုင်သူဖြစ်ခြင်း၊

(င) အပြည်ပြည်ဆိုင်ရာဒုက္ခသည်အဖြစ် သတ်မှတ်ခြင်းခံရသူ မဟုတ်ခြင်း၊

(စ) နိုင်ငံတစ်ခုခု၌ နိုင်ငံရေးခိုလှုံခွင့် ရရှိနေထိုင်သူ မဟုတ်ခြင်း၊

(ဆ) ပြည်တွင်း၊ ပြည်ပ သို့မဟုတ် နိုင်ငံတကာပြစ်မှုမှတ်တမ်းတွင် စာရင်းဝင်သူ မဟုတ်ခြင်း၊

(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် ကူးစက်ရောဂါ ကင်းရှင်းကြောင်း သက်ဆိုင်ရာနိုင်ငံ၏ တရားဝင်ထောက်ခံချက် မူရင်းတင်ပြနိုင်သူဖြစ်ခြင်း၊

(ဈ) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာနိုင်ပြီး နိုင်ငံ၏ အကျိုးစီးပွားအတွက် အလေးထားလိုလားသူ၊ ကူညီပံ့ပိုး ဆောင်ရွက်မည့် သူဖြစ်ကြောင်း ဝန်ခံချက်ပေးသူဖြစ်ခြင်း၊

(ည) အကောင်အထည်ဖော်ရေးဗဟိုကော်မတီက အကြောင်းကြားသည့်အခါ လျှောက်ထားသူကိုယ်တိုင် လာရောက်၍ အစစ်ဆေးခံနိုင်သူဖြစ်ခြင်း၊

၆။ မြန်မာနိုင်ငံသားနှင့် ဆက်စပ်သူနိုင်ငံခြားသားများသည် အောက်ပါအချက်များနှင့် ညီညွတ်လျှင် သက်ဆိုင်ရာမြန်မာနိုင်ငံသားက တာဝန်ယူ၍ အမြဲနေထိုင်ခွင့်လျှောက်ထားခွင့် ရှိသည် -

(က) မြန်မာဓလေ့ထုံးတမ်း ဥပဒေ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် မြန်မာနိုင်ငံသား များ၏ လက်ထပ်ထိမ်းမြားခြင်းနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသော နိုင်ငံခြားသား ဇနီး သို့မဟုတ် ခင်ပွန်းဖြစ်ခြင်းနှင့် ယင်းတို့က မွေးဖွားသော သို့မဟုတ် တရားဝင်မွေးစားသော အသက် ၁၈ နှစ်အောက် အိမ်ထောင် မပြုရသေးသည့် သားသမီးများဖြစ်ခြင်း၊

(ခ) မြန်မာနိုင်ငံသားဟောင်းဖြစ်ပါက **အမြဲနေထိုင်ခွင့် လျှောက်ထားသည့်နေ့မတိုင်မီ အခြေချနေထိုင်ခွင့်မရှိသည့် ဗီဇာအမျိုးအစားကို ကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ဖူးသူ သို့မဟုတ် နေထိုင်လျက်ရှိသူ** ဖြစ်ခြင်း၊

(ဂ) နိုင်ငံခြားသားဖြစ်ပါက အမြဲနေထိုင်ခွင့် လျှောက်ထားသည့်နေ့မတိုင်မီ ယင်းနေ့နှင့် တစ်ဆက်တည်းဖြစ်သော ၁၀ နှစ်အတွင်း အခြေချနေထိုင်ခွင့် မရှိသည့် ဗီဇာအမျိုးအစားကို ကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် နှစ် နှစ် အောက်မနည်း စဉ်ဆက်မပြတ် ဝင်ထွက် သွားလာနေထိုင်ပြီး ယင်းသို့ နေထိုင်စဉ် ပြည်ပသို့ထွက်ခွာပါက ပြည်ပ၌နေထိုင်သောကာလသည် တစ်နှစ်အတွင်း တစ်ဆက်တည်း ရက်ပေါင်း ၉၀ ထက်မပိုခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာဒုက္ခသည်အဖြစ် သတ်မှတ်ခြင်းခံရသူ မဟုတ်ခြင်း၊

(င) နိုင်ငံတစ်ခုခု၌ နိုင်ငံရေးခိုလှုံခွင့် ရရှိနေထိုင်သူ မဟုတ်ခြင်း၊

(စ) ပြည်တွင်း၊ ပြည်ပ သို့မဟုတ် နိုင်ငံတကာပြစ်မှုမှတ်တမ်းတွင် စာရင်းဝင်သူ မဟုတ်ခြင်း၊

(ဆ) ကျန်းမာရေး ကောင်းမွန်ကြောင်းနှင့် ကူးစက်ရောဂါ ကင်းရှင်းကြောင်း သက်ဆိုင်ရာနိုင်ငံ၏ တရားဝင်ထောက်ခံချက်မူရင်း တင်ပြနိုင်သူဖြစ်ခြင်း၊

(ဇ) မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို လေးစားလိုက်နာနိုင်ပြီး နိုင်ငံ၏ အကျိုးစီးပွားအတွက် အလေးထားလိုလားသူ၊ ကူညီပံ့ပိုးဆောင်ရွက်မည့်သူ ဖြစ်ကြောင်း ဝန်ခံချက်ပေးသူဖြစ်ခြင်း၊

(ဈ) အကောင်အထည်ဖော်ရေးဗဟိုကော်မတီက အကြောင်းကြားသည့်အခါ လျှောက်ထားသူကိုယ်တိုင် လာရောက်၍ အစစ်ဆေးခံနိုင်သူ ဖြစ်ခြင်း၊

၇။ နည်းဥပဒေ ၆(က) အရ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသော နိုင်ငံခြားသား ဇနီး သို့မဟုတ် ခင်ပွန်းသည် တရားဝင်အိမ်ထောင်သက် အနည်းဆုံး နှစ်နှစ် ရှိရမည်ဖြစ်ပြီး လက်ရှိ မြန်မာနိုင်ငံသား တရားဝင်ဇနီး သို့မဟုတ် ခင်ပွန်းမှတစ်ပါး အခြားဇနီး သို့မဟုတ် ခင်ပွန်း မရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်ပြုရမည်။

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

၈။ နည်းဥပဒေ ၆(က)တွင် ပါဝင်သူများအတွက် အမြဲနေထိုင်ခွင့်လျှောက်ထားရာတွင် ခွင့်ပြုချက်မရရှိမီ တာဝန်ခံလျှောက်ထားသူ မြန်မာနိုင်ငံသားသည် အောက်ပါဖြစ်စဥ်များ ပေါ်ပေါက်ပါက အမြဲနေထိုင်ခွင့်လျှောက်ထားမှု ပျက်ပြယ်စေရမည်-

(က) သေဆုံးခြင်း၊

(ခ) နိုင်ငံသားအဖြစ်မှ ရပ်စဲ သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ဂ) အမြဲနေထိုင်ခွင့် ရရှိလိုသူအား တရားဝင် ဇနီး သို့မဟုတ် ခင်ပွန်းအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း၊

(ဃ) အမြဲနေထိုင်ခွင့်ရရှိလိုသူအား တရားဝင် သားသမီးအဖြစ်မှ စွန့်လွှတ်ခြင်း၊

## **အခန်း (၃)**
## **အမြဲနေထိုင်ခွင့်လျှောက်ထားခြင်း**

၉။ ဤနည်းဥပဒေများအရ အမြဲနေထိုင်ခွင့်လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ဌာနစိတ် **သို့မဟုတ် သက်ဆိုင်ရာမြန်မာသံရုံး** တွင် အမြဲနေထိုင်ခွင့် လျှောက်ထားသူ ကိုယ်တိုင် လျှောက်ထားရမည်-

(က) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုရန် လျှောက်လွှာပုံစံအမန- ၁၊

(ခ) လွန်ခဲ့သော ခြောက်လအတွင်းက ရိုက်ကူးထားသည့် တစ်ဒသမငါး လက်မ x နှစ် လက်မ အရွယ် ရောင်စုံဓါတ်ပုံ သုံးပုံ၊

(ဂ) သက်တမ်းရှိသော တရားဝင်နိုင်ငံကူးလက်မှတ်နှင့် ခရီးသွားစာရွက်စာတမ်း အထောက်အထားမူရင်းနှင့် မိတ္တူ (တစ်မျိုးထက်ပိုသော နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားပါက ယင်းနိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူတို့ကို ပူးတွဲ ဖော်ပြရန်)၊

(ဃ) အမြဲနေခွင့်လျှောက်ထားသူ၏ မူရင်းနိုင်ငံမှနိုင်ငံသားဖြစ်ကြောင်း ခိုင်လုံ သော အသိအမှတ်ပြုအထောက်အထား၊

(င) အနည်းဆုံး တစ်နှစ်သက်တမ်းနှင့်အထက် ရှိသည့်အလုပ်ခန့်စာ သို့မဟုတ် ခွင့်ပြုဖိတ်ခေါ်စာ၊

(စ) ကျွမ်းကျင်ပညာရှင်များအတွက် ပညာအရည်အချင်းနှင့် ပတ်သက်၍ တရားဝင် အသိအမှတ်ပြု အထောက်အထားလက်မှတ်များနှင့် လျှောက် ထားသည့် လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်အတွေ့အကြုံ လုပ်သက်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခိုင်လုံသောတရားဝင်ထောက်ခံစာများ၊

(ဆ) အမြဲနေထိုင်ခွင့် လျှောက်ထားသူနှင့်အတူ လိုက်ပါနေထိုင်မည့် ဇနီး သို့မဟုတ် ခင်ပွန်းနှင့် အသက် ၁၈ နှစ်အောက် အိမ်ထောင်မပြုရသေး သည့် တရားဝင်သားသမီးများပါရှိပါက -

(၁) အိမ်ထောင်စုလူဦးရေစာရင်းမှတ်တမ်း၊

(၂) မိသားစုဝင်များ၏ အမည်၊ အသက်၊ အလုပ်အကိုင် စသည့် ကိုယ်ရေးအချက်အလက်၊

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

(၃) ဇနီး သို့မဟုတ် ခင်ပွန်းအတွက် တရားဝင်လက်ထပ်စာချုပ် မူရင်းနှင့်မိတ္တူ၊

(၄) အသက် ၁၈ နှစ်အောက် သားသမီးများအတွက် သက်ဆိုင်ရာ အစိုးရက အသိအမှတ်ပြု အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည့် မွေးစာရင်းသက်သေခံလက်မှတ်၊

(၅) အသက် ၁၈ နှစ်အောက် မွေးစားသားသမီးများအတွက် သက်ဆိုင်ရာ အစိုးရက အသိအမှတ်ပြု အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည့် မွေးစားသော တရားဝင်အုပ်ထိန်းခွင့် သက်သေခံလက်မှတ်၊

(ဇ) ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်လိုသူများနှင့်သက်ဆိုင်သည့် အောက်ပါ လိုအပ်ချက်များ တင်ပြရမည်-

(၁) ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုမိန့်နှင့် ကုမ္ပဏီမှတ်ပုံတင် အထောက်အထား၊

(၂) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအစီအစဉ်၊

(၃) အခြားနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများရှိပါက ကုမ္ပဏီ၏ **သုံးနှစ်စာ ငွေစာရင်းရှင်းတမ်း၊**

(ဈ) ကျွမ်းကျင်ပညာရှင် မဟုတ်သော ရင်းနှီးမြှုပ်နှံမှု မပြုလုပ်နိုင်သော နိုင်ငံတော်၏ ရေရှည် အကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်သူ မြန်မာနိုင်ငံသားဟောင်းများအတွက် မြန်မာနိုင်ငံရှိ တာဝန်ယူအာမခံမည့် ပုဂ္ဂိုလ်၏ ကိုယ်ရေးအချက်အလက်နှင့် တာဝန်ခံချက်၊

(ည) မြန်မာနိုင်ငံသားနှင့် ဆက်စပ်သူနိုင်ငံခြားသားဖြစ်ပါက -

(၁) နိုင်ငံခြားသားအတွက် ဆက်စပ်သူ မြန်မာနိုင်ငံသား၏ တာဝန်ခံလျှောက်ထားချက်၊

(၂) နိုင်ငံခြားသားသည် လက်ရှိမြန်မာနိုင်ငံသား ဇနီး သို့မဟုတ် ခင်ပွန်းမှတစ်ပါး အခြားဇနီး သို့မဟုတ် ခင်ပွန်းရှိသူ မဟုတ်ကြောင်း ဝန်ခံချက်ကို ၎င်းနိုင်ငံခြားသား၏ သက်ဆိုင်ရာ အစိုးရ အသိအမှတ်ပြုသက်သေခံ ပိုင်ခွင့်ရှိသူက မှန်ကန်ကြောင်း အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည့် တရားဝင် အထောက်အထား၊

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

၁၀။ နည်းဥပဒေ ၉ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် **ဌာနစိတ် သို့မဟုတ် သက်ဆိုင်ရာ မြန်မာသံရုံး တာဝန်ခံအရာရှိသည်** လိုအပ်သလို စိစစ်ဆောင်ရွက်၍ အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်။

၁၁။ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၁၀ အရ တင်ပြချက်ကိုလက်ခံရရှိလျှင် ဤနည်းဥပဒေများပါသက်ဆိုင်ရာ သတ်မှတ်ချက်အထောက်အထားများနှင့် ပြည့်စုံညီညွတ်မှု ရှိ မရှိကိုလည်းကောင်း၊ ဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်ထားသည့် အမိန့်၊ညွှန်ကြားချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ ကိုလည်းကောင်းစိစစ်ပြီး-

(က) သတ်မှတ်ချက် အထောက်အထားများနှင့် ညီညွတ်ပြည့်စုံကြောင်း တွေ့ရလျှင် အမြဲနေထိုင်ခွင့်ပြုနိုင်ရေးအတွက် ထောက်ခံတင်ပြချက်နှင့်အတူ အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ ဆောလျင်စွာတင်ပြရမည်။

(ခ) သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း သို့မဟုတ် အထောက်အထားများ ပြည့်စုံခြင်းမရှိလျှင် လျှောက်ထားသူထံမှ လိုအပ်ချက်များကို တောင်းခံရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ တောင်းခံသော်လည်း လျှောက်ထားသူက လိုအပ်ချက်များ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိပါက ကျိုးကြောင်းဖော်ပြချက်နှင့်အတူ အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ ကန့်ကွက်တင်ပြရမည်။

၁၂။ အကောင်အထည်ဖော်ရေးဗဟိုကော်မတီသည် နည်းဥပဒေ ၁၁ နည်းဥပဒေခွဲ (က) နှင့် (ဂ) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ -

(က) နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က) အရ တင်ပြချက်ဖြစ်လျှင် သက်ဆိုင်ရာ လျှောက်ထားသူအား ခေါ်ယူတွေ့ဆုံ၍ လျှောက်ထားလွှာပါ အထောက်အထားများနှင့် တိုက်ဆိုင်မေးမြန်းစုံစမ်းပြီး အမြဲနေထိုင်ခွင့်ပြုရန် ဆုံးဖြတ်ပါက သက်ဆိုင်ရာ အမြဲနေထိုင်ခွင့်လျှောက်ထားသူထံ အမြဲနေထိုင်ခွင့်ပြုကြောင်း စာဖြင့်အကြောင်းကြားရမည်။

(ခ) နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ဂ) အရ တင်ပြချက်ကို လက်ခံရရှိလျှင် တင်ပြချက်ကို စိစစ်ပြီး အမြဲနေထိုင်ခွင့် ခွင့်မပြုကြောင်း ဆုံးဖြတ်၍ သက်ဆိုင်ရာ အမြဲနေထိုင်ခွင့်လျှောက်ထားသူထံ အမြဲနေထိုင်ခွင့် ခွင့်မပြုကြောင်း စာဖြင့် အကြောင်းကြားရမည်။

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

## အခန်း (၄)
## အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးရန်လျှောက်ထားခြင်း

၁၃။ အမြဲနေထိုင်ခွင့်လျှောက်ထားသူသည် နည်းဥပဒေ ၁၂(က)အရ အမြဲနေထိုင်ခွင့်ပြုကြောင်းအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ အကြောင်းကြားစာကို လက်ခံရရှိလျှင် အကြောင်းကြားသည့် နေ့ရက်မှရက်ပေါင်း ၆၀ အတွင်း ဌာနစိတ်သို့ လာရောက်၍ အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ယူခွင့်ပြုပါရန် အောက်ပါ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ အမြဲနေထိုင်ခွင့်ရရှိသူကိုယ်တိုင် လျှောက်ထားရမည်-

(က) အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးရန် လျှောက်လွှာပုံစံအမန-၂၊

(ခ) သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်နှင့် ခရီးသွားစာရွက်စာတမ်း အထောက်အထား မူရင်းနှင့် မိတ္တူ၊ အမြဲနေခွင့်လျှောက်ထားသူ၏ မူရင်းနိုင်ငံမှ နိုင်ငံသားဖြစ်ကြောင်း ခိုင်လုံသော အသိအမှတ်ပြု အထောက်အထား၊

(ဂ) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ အမြဲနေထိုင်ခွင့်ပြုကြောင်း ကာယကံရှင်သို့ အကြောင်းကြားစာမူရင်း၊

(ဃ) အမြဲနေခွင့်လျှောက်ထားသူနှင့်အတူ မိသားစုဝင်များပါရှိပါက အောက်ပါ အထောက်အထားများတင်ပြရမည်-

(၁) အိမ်ထောင်စုလူဦးရေစာရင်းမှတ်တမ်း၊

(၂) မိသားစုဝင်များ၏ အမည်၊ အသက်၊ အလုပ်အကိုင် စသည့် နောက်ကြောင်းရာဇဝင်၊

(၃) သားသမီးများအတွက် မွေးစာရင်းသက်သေခံလက်မှတ်၊

(၄) အသက် ၁၈ နှစ်အောက် မွေးစားသားသမီးများ ပါရှိပါက မွေးစားသော တရားဝင်အုပ်ထိန်းခွင့် သက်သေခံလက်မှတ်။

၁၄။ ဌာနစိတ်တာဝန်ခံအရာရှိသည် နည်းဥပဒေ ၁၃ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ အမြဲနေထိုင်ခွင့်ရရှိသူကို သတ်မှတ်အခကြေးငွေ ပေးသွင်းစေပြီး အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးရမည်။

၁၅။ အမြဲနေထိုင်ခွင့် လျှောက်ထားသူသည် အမြဲနေထိုင်ခွင့်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ယူခြင်းတို့ကို နည်းဥပဒေ ၁၃ အရ သတ်မှတ်ရက် ၆၀ အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက ထိုနေ့မှစ၍ ရက်ပေါင်း ၁၂၀ အတွင်း အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ ခိုင်လုံသောအကြောင်းပြချက် တင်ပြ၍ဆောင်ရွက်ရမည်။

## အခန်း (၅)
## အမြဲနေထိုင်ခွင့်သက်တမ်းနှင့် နှစ်စဉ်သက်တမ်းအတည်ပြုမှတ်ပုံတင်ခြင်း

၁၆။ (က) အမြဲနေထိုင်ခွင့်လက်မှတ် ရရှိသူသည် အမြဲနေထိုင်ခွင့်သက်တမ်းအဖြစ် ကနဦးငါးနှစ် ရရှိမည်ဖြစ်သည်။

(ခ) အမြဲနေထိုင်ခွင့်သက်တမ်း ကနဦးငါးနှစ်ပြည့်ပြီးပါက ထပ်မံ၍ တစ်ကြိမ်လျှင် ငါးနှစ်သက်တမ်းတိုး လျှောက်ထားနိုင်သည်။

(ဂ) အမြဲနေထိုင်ခွင့် လက်မှတ်ရရှိသူသည် နည်းဥပဒေခွဲ (က) ပါ အမြဲနေထိုင်ခွင့်သက်တမ်းကာလအတွင်း တစ်နှစ်လျှင်တစ်ကြိမ် လက်မှတ်သက်တမ်းအတည်ပြုမှတ်ပုံတင်ရန် **တစ်နှစ်မပြည့်မီ ရက်ပေါင်း ၆၀ အတွင်း** အောက်ပါ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ဌာနစိတ်သို့ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ ကိုယ်တိုင် လျှောက်ထားရမည်-

(၁) အမြဲနေထိုင်ခွင့်လက်မှတ်သက်တမ်း အတည်ပြုမှတ်ပုံတင်ရန် လျှောက်လွှာပုံစံအမန- ၃၊

(၂) သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်နှင့် ခရီးသွားစာရွက်စာတမ်း အထောက်အထား မူရင်းနှင့် မိတ္တူ၊ အမြဲနေခွင့်လျှောက်ထားသူ၏ မူရင်းနိုင်ငံမှ နိုင်ငံသားဖြစ်ကြောင်း ခိုင်လုံသော အသိအမှတ်ပြု အထောက်အထား၊

(၃) အမြဲနေထိုင်ခွင့်လက်မှတ်မူရင်း နှင့် မိတ္တူ၊

(၄) သက်ဆိုင်ရာဌာနမှလုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ပြုထားသည့် အထောက်အထား၊

(၅) **ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်နေသူများအတွက် တည်ဆဲဥပဒေနှင့်အညီ ထုတ်ပေးသည့် အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်နှင့် သက်တမ်းမကုန်သေးသော ကုမ္ပဏီမှတ်ပုံတင်ကတ်မူရင်းနှင့်မိတ္တူများ၊**

(ဃ) ဌာနစိတ်တာဝန်ခံအရာရှိသည် နည်းဥပဒေခွဲ ၁၆(ခ)အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီစိစစ်၍ အမြဲနေထိုင်ခွင့်ရရှိသူကို သတ်မှတ် အခကြေးငွေ ပေးသွင်းစေပြီး အမြဲနေထိုင်ခွင့်လက်မှတ် သက်တမ်း အတည်ပြု မှတ်ပုံတင်ခြင်း ကို ဆောင်ရွက်ပေးရမည်။

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

## အခန်း (၆)
## အမြဲနေထိုင်ခွင့်သက်တမ်းတိုးလျှောက်ထားခြင်း

၁၇။ အမြဲနေထိုင်ခွင့်လက်မှတ် ရရှိသူသည် အမြဲနေထိုင်ခွင့်သက်တမ်း တိုးမြှင့်လျှောက်ထားလိုက သက်တမ်းငါးနှစ်မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၉၀ အတွင်း အမြဲနေထိုင်ခွင့်သက်တမ်းတိုးခွင့်ပြုရန် လျှောက်လွှာပုံစံအမန-၄ တွင် ပြည့်စုံစွာဖြည့်စွက်ပြီး၊ နည်းဥပဒေ ၉ ပါ ကနဦးလျှောက်ထားစဥ်ကတင်ပြသည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လုပ်ငန်းစဥ်အတိုင်း ဌာနစိတ်သို့ ၎င်းကိုယ်တိုင်လာရောက် လျှောက်ထားရမည်။

## အခန်း (၇)
## အမြဲနေထိုင်ခွင့်ရရှိသူအိမ်ထောင်စုလူဦးရေစာရင်းလျှောက်ထားခြင်း

၁၈။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် ယင်းအခြေချနေထိုင်မည့်ဒေသတွင် တည်ဆဲဥပဒေများနှင့်အညီနေထိုင်နိုင်ရေးအတွက် အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးပါရန် အောက်ပါစာရွက်စာတမ်း အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူးရုံး**တွင် အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူကိုယ်တိုင် လျှောက်ထားရမည်-

(က) အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ယူခွင့်လျှောက်လွှာပုံစံအမန-၅၊

(ခ) ကာယကံရှင်၏ နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ၊

(ဂ) ကာယကံရှင်၏အမြဲနေထိုင်ခွင့်လက်မှတ်မူရင်းနှင့်မိတ္တူ၊

(ဃ) အိမ်ထောင်စုတွင်ပါဝင်မည့် မိသားစုဝင်များ၏ ကိုယ်ရေးအချက်များ (အထောက်အထားမူရင်း/မိတ္တူများ)

(င) မိမိ၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(စ) အိမ်ငှားရမ်းနေထိုင်ပါက အိမ်ရှင် အိမ်ငှားစာချုပ်၊ အိမ်ဝယ်၍ နေထိုင်ပါက အရောင်းအဝယ်စာချုပ် အထောက်အထား မူရင်းနှင့် မိတ္တူ၊

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

## အခန်း(၈)
## အမြဲနေထိုင်ခွင့်လက်မှတ်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် မိတ္တူလျှောက်ထားခြင်း

၁၉။ အမြဲနေထိုင်ခွင့်ရရှိသူသည် အမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ပေါ်ပါက ယင်းသို့ဖြစ်ပေါ်ချိန်မှ ၇၂ နာရီ အတွင်းသက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့သတင်းပို့ပြီး ထိုမှတစ်ဆင့် အောက်ပါ အထောက်အထားများနှင့်အတူ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းနှင့် **မြို့နယ်ဦးစီးမှူးရုံး**သို့ အမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံး သို့မဟုတ် ပျက်စီးသူ ကိုယ်တိုင် သွားရောက် တိုင်ကြားရမည်-

(က) ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် မိတ္တူ ထုတ်ပေးရန် ကိုယ်တိုင်ရေးလျှောက်လွှာ မူရင်းနှင့်မိတ္တူ၊

(ခ) လွန်ခဲ့သော ခြောက်လအတွင်းက ရိုက်ကူးထားသည့် တစ်ဒသမငါး လက်မ x နှစ်လက်မ အရွယ်ရှိ ရောင်စုံ ဓါတ်ပုံ ငါးပုံ၊

(ဂ) ပျောက်ဆုံး သို့မဟုတ် ပျက်စီးသည့် အမြဲနေထိုင်ခွင့်လက်မှတ်အမှတ် နှင့် ရက်စွဲ၊

(ဃ) သက်တမ်းရှိသော နိုင်ငံကူးလက်မှတ် မူရင်းနှင့် မိတ္တူ၊

(င) အမြဲနေထိုင်ခွင့် ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့် မိတ္တူ၊

(စ) အမြဲနေထိုင်ခွင့်လက်မှတ်ပျောက်ဆုံးခြင်းအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။

၂၀။ အမြဲနေထိုင်ခွင့်ရရှိသူသည် နည်းဥပဒေ ၁၉ အရ တိုင်ကြားပြီးကြောင်း အထောက် အထားများနှင့်အတူ အမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံးပျက်စီးခြင်းအတွက် မိတ္တူ ထုတ်ယူခွင့် လျှောက်လွှာပုံစံ အမန - ၆ ကို ပြည့်စုံစွာ ဖြည့်စွက်၍ အမြဲနေထိုင်ခွင့်လက်မှတ် မိတ္တူထုတ်ယူခွင့်ပြုပါရန် ဌာနစိတ်တွင် ၎င်းကိုယ်တိုင်လျှောက်ထားရမည်။

၂၁။ ဌာနစိတ်သည် အပိုဒ် ၂၀ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သော အထောက်အထားများကိုစိစစ်ပြီး ဝန်ကြီးဌာနမှထုတ်ပြန်ထားသည့်အမိန့်၊ ညွှန်ကြားချက် များနှင့်အညီစိစစ်၍ အမြဲနေထိုင်ခွင့်လက်မှတ်မိတ္တူလျှောက်ထားသူအား သတ်မှတ်အခ ကြေးငွေပေးဆောင်စေပြီး မိတ္တူထုတ်ပေးနိုင်သည်။

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

## အခန်း (၉)

## အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ၏ကိုယ်ရေးဖြစ်စဉ်ပြောင်းလဲခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များ

၂၂။ (က) အမြဲနေထိုင်ခွင့်ဖြင့် နေထိုင်စဉ်ကာလအတွင်း အမြဲနေထိုင်ခွင့် လက်မှတ်ရရှိသူနှင့်သက်ဆိုင်သည့် နိုင်ငံကူးလက်မှတ်အမှတ်၊ ပညာအရည်အချင်း သို့မဟုတ် အိမ်ထောင်ရေးအခြေအနေပြောင်းလဲမှု ဖြစ်စဉ်များရှိလျှင် ပြောင်းလဲမှုရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အမြဲနေထိုင်ခွင့် လက်မှတ်ရရှိသူ ကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ကိုယ်စား တာဝန်ခံ ဆောင်ရွက်သူကဖြစ်စေ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူးရုံး**သို့ ဦးစွာ လျှောက်ထားရမည်။

(ခ) နည်းဥပဒေခွဲ(က)နှင့်အညီ လျှောက်ထားချက်အရ **မြို့နယ်ဦးစီးမှူးရုံး**က ထုတ်ပေးသော ထောက်ခံချက်နှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများ တင်ပြရမည်-

(၁) အမြဲနေထိုင်ခွင့်ရရှိသူ၏ ကိုယ်ရေးဖြစ်စဉ်ပြောင်းလဲခြင်း လျှောက်လွှာပုံစံ အမန-၇၊

(၂) အမြဲနေထိုင်ခွင့်လက်မှတ် မူရင်းနှင့် မိတ္တူ၊

(၃) နိုင်ငံကူးလက်မှတ် မူရင်းနှင့် မိတ္တူ၊

(၄) အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့် မိတ္တူ၊

(၅) ဖြစ်စဉ်အကြောင်းအရာ ပြောင်းလဲခြင်းနှင့်စပ်လျဉ်းသည့် တရားဝင် အထောက်အထား မူရင်းနှင့် မိတ္တူများ (နိုင်ငံကူးလက်မှတ်၊ ဘွဲ့လက်မှတ်၊ လက်ထပ်စာချုပ် စသည်)၊

(ဂ) ဌာနစိတ်သည် နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားချက်ကိုရရှိသည့်အခါ သက်ဆိုင်ရာအမိန့်၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်၍ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ၏ ကိုယ်ရေးဖြစ်စဉ်ပြောင်းလဲမှုကို လက်ခံဆောင်ရွက်ရမည်။

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

## အခန်း(၁၀)
## မြန်မာနိုင်ငံအတွင်းကလေးမွေးဖွားခြင်း သို့မဟုတ် ကလေးသေဆုံးခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များ

၂၃။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ မိဘတစ်ဦးဦးသည် မြန်မာနိုင်ငံအတွင်း ကလေးမွေးဖွားခြင်းအတွက်-

(က) မြန်မာနိုင်ငံအတွင်း ကလေးမွေးဖွားကြောင်းမှတ်ပုံတင်ပေးနိုင်ရေးအတွက် ကလေးမွေးဖွားသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်အကြောင်းကြားရမည်။ ထိုမှတစ်ဆင့် ကလေးမွေးဖွားသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပြည့်စုံမှန်ကန်စွာဖြည့်စွက်ထားသည့် ပုံစံအမန-၇ နှင့်အတူ သက်ဆိုင်ရာ**မြို့နယ်ဦးစီးမှူးရုံး**တွင် ဖြစ်စဉ်ပြောင်းလဲမှု လျှောက်ထားရမည်။

(ခ) မွေးဖွားသောကလေးအမည်စာရင်းကို ရေးသွင်းနိုင်ရန် မိဘ၏ အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့် မိတ္တူကို ပူးတွဲတင်ပြရမည်။

(ဂ) သက်တမ်းရှိသော အမြဲနေထိုင်ခွင့်လက်မှတ် သို့မဟုတ် မိဘတစ်ဦးဦး၏ နိုင်ငံသားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ်၊ ဧည့်နိုင်ငံသား စိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်ပြား သို့မဟုတ် အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြား မူရင်းနှင့် မိတ္တူတို့ ပါရှိရမည်။

(ဃ) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူမိဘ၏ သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူတို့ပါရှိရမည်။

(င) မွေးဖွားကြောင်း အထောက်အထားလက်မှတ် သို့မဟုတ် ကလေးမွေးဖွားစာရင်း မူရင်းနှင့် မိတ္တူတို့ကိုတင်ပြရမည်။

၂၄။ (က) နည်းဥပဒေ ၂၃ အရ လျှောက်ထားချက်သည် ဝန်ကြီးဌာန၏ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ပြည့်စုံမှန်ကန်ခြင်း ရှိ မရှိ ကို သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူးရုံး**ကစိစစ်ပြီး အမြဲနေထိုင်ခွင့်လက်မှတ်တွင် ကလေးအမည်ဖြည့်စွက်ခွင့်ပြုရေးအတွက် ဦးစီးဌာနသို့ တင်ပြရမည်။

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

(ခ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (က)အရ **မြို့နယ်ဦးစီးမှူးရုံး**၏ တင်ပြချက်ကိုလက်ခံရရှိလျှင် အမြဲနေထိုင်ခွင့်လက်မှတ်တွင် ကလေးအမည်ကို ဖြည့်စွက်ပြီး **မြို့နယ်ဦးစီးမှူးရုံး**မှတစ်ဆင့် သက်ဆိုင်ရာ လျှောက်ထားသူထံ ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (ခ)အရ ဆောင်ရွက်ချက်ကို အကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၅။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ မိဘတစ်ဦးဦးသည်-

(က) မြန်မာနိုင်ငံအတွင်း ကလေးသေဆုံးကြောင်းမှတ်ပုံတင်ပေးနိုင်ရေးအတွက် ကလေးသေဆုံးသည့်နေ့မှစ၍ခုနစ်ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်အကြောင်းကြားရမည်။ ကလေးသေဆုံးသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ထားသည့် ပုံစံအမန-၇ နှင့်အတူ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူးရုံး**တွင် ဖြစ်စဥ်ပြောင်းလဲမှု မှတ်ပုံတင်ရန် လျှောက်ထားရမည်။

(ခ) သေဆုံးသောကလေးအမည်စာရင်းကို ပယ်ဖျက်နိုင်ရန် အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ မိဘ၏ အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့်မိတ္တူကို ပူးတွဲတင်ပြရမည်။

(ဂ) မိဘ၏သက်တမ်းရှိသော အမြဲနေထိုင်ခွင့်လက်မှတ် သို့မဟုတ် မိဘတစ်ဦးဦး၏ နိုင်ငံသားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ်၊ ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသားပြုခွင့်လက်မှတ်၊ နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်ပြား သို့မဟုတ် အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား မူရင်းနှင့် မိတ္တူပါရှိရမည်။

(ဃ) သေဆုံးသောကလေးအမည်ပါရှိသော နိုင်ငံကူးလက်မှတ် သို့မဟုတ် မိဘတစ်ဦးဦး၏ သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူတို့ ပါရှိရမည်။

(င) ကလေးသေဆုံးကြောင်းအထောက်အထားလက်မှတ် သို့မဟုတ် သေဆုံးစာရင်း မူရင်းနှင့် မိတ္တူတို့ တင်ပြရမည်။

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

၂၆။ (က) နည်းဥပဒေ ၂၅ အရ လျှောက်ထားချက်သည် ဝန်ကြီးဌာန၏ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ပြည့်စုံမှန်ကန်ခြင်း ရှိ မရှိ ကို သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူးရုံး**မှစိစစ်ပြီး အမြဲနေထိုင်ခွင့်လက်မှတ် အိမ်ထောင်စု လူဦးရေစာရင်းတွင် ကလေးအမည် ပယ်ဖျက်ရေးအတွက် ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (က)အရ **မြို့နယ်ဦးစီးမှူးရုံး**၏ တင်ပြချက်ကို လက်ခံရရှိလျှင် အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်းတွင် ကလေးအမည်ကိုပယ်ဖျက်ပြီး **မြို့နယ်ဦးစီးမှူးရုံး**မှတစ်ဆင့် သက်ဆိုင်ရာ လျှောက်ထားသူထံ ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (ခ)အရ ဆောင်ရွက်ချက်ကို အကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

## အခန်း (၁၁)

## အမြဲနေထိုင်ခွင့်ရရှိသူသေဆုံးခြင်းဆိုင်ရာဆောင်ရွက်ရမည့်အချက်များ

၂၇။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ သေဆုံးပါက သေဆုံးသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အနီးစပ်ဆုံးဆွေမျိုး သို့မဟုတ် တာဝန်ခံဆောင်ရွက်သူက အောက်ပါ စာရွက်စာတမ်း အထောက်အထားများနှင့်အတူသေဆုံးသူကိုင်ဆောင်ခဲ့သော အမြဲနေထိုင် ခွင့်လက်မှတ်ကို သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူးရုံး**မှတစ်ဆင့် ဌာနစိတ်သို့ ပြန်လည်အပ်နှံ ရမည်-

(က) အမြဲနေထိုင်ခွင့်လက်မှတ်ပြန်လည်အပ်နှံခြင်းလျှောက်လွှာပုံစံအမန - ၈၊

(ခ) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ နေထိုင်သော သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ၎င်းသေဆုံးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း သွားရောက်အကြောင်းကြားထားသည့် စာမိတ္တူ၊

(ဂ) သေဆုံးသူ၏အမြဲနေထိုင်ခွင့်လက်မှတ် မူရင်း၊

(ဃ) နိုင်ငံကူးလက်မှတ် မူရင်းနှင့် မိတ္တူ၊

(င) သေဆုံးကြောင်း အထောက်အထားလက်မှတ် သို့မဟုတ် သေစာရင်း မူရင်းနှင့်မိတ္တူ၊

(စ) သေဆုံးသူအမည်အား ပယ်ဖျက်ရန်အတွက် ၎င်းရရှိထားသော အမြဲ နေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့် မိတ္တူ။

---

* (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။

## အခန်း (၁၂)

## အခကြေးငွေ သတ်မှတ်ချက်

၂၈။ အမြဲနေထိုင်ခွင့်လျှောက်ထားသူသည် ကနဦးအမြဲနေထိုင်ခွင့် လျှောက်ထားခြင်း အတွက် ပြန်လည်ထုတ်ယူ၍မရသည့် အမေရိကန်ဒေါ်လာ ၅၀၀ ကို **ဌာနစိတ် သို့မဟုတ် သက်ဆိုင်ရာ မြန်မာသံရုံး** တွင် ပေးသွင်းရမည်။

၂၉။ ဤနည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ (က) အရ အမြဲနေထိုင်ခွင့်ပြုကြောင်း အကြောင်း ကြားစာရရှိသူသည် နည်းဥပဒေ ၁၃ နှင့်အညီ အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ယူခွင့်ပြုပါ ရန် ဌာနစိတ်သို့လျှောက်ထား၍ နည်းဥပဒေ ၁၄ နှင့်အညီ အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ယူရာတွင်လည်းကောင်း၊ နည်းဥပဒေ ၁၆ နှင့်အညီ အမြဲနေထိုင်ခွင့်လက်မှတ် သက်တမ်းအတည်ပြု မှတ်ပုံတင်ရာတွင်လည်းကောင်း အောက်ပါအတိုင်းအခကြေးငွေကို ပေးဆောင်ရမည် -

(က) နိုင်ငံခြားသားတစ်ဦးအတွက် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၁၀၀၀၊

(ခ) မြန်မာနိုင်ငံသားဟောင်းတစ်ဦးအတွက် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၅၀၀၊

(ဂ) နည်းဥပဒေခွဲ (က) သို့မဟုတ် (ခ) ပါ ပုဂ္ဂိုလ်တို့နှင့်အတူ တစ်ပါတည်း အမြဲနေထိုင်ခွင့် လျှောက်ထားသည့် အသက် ခုနစ်နှစ် အထက်မှ ၁၈ နှစ် အထိ ယင်းတို့၏ တရားဝင်သားသမီးတစ်ဦးစီအတွက် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၃၀၀၊

ခြွင်းချက်။ နည်းဥပဒေခွဲ (က) သို့မဟုတ် (ခ) ပါ ပုဂ္ဂိုလ်တို့နှင့်အတူ တစ်ပါတည်း အမြဲနေထိုင်ခွင့်လျှောက်ထားသည့် ယင်းတို့၏ တရားဝင်သားသမီးသည် အသက် ခုနစ်နှစ်နှင့် အောက်ဖြစ်ပါက အခမဲ့နေထိုင် ခွင့်ပြုသည်။

၃၀။ နည်းဥပဒေ ၁၆ နှင့်အညီ တစ်နှစ် သက်တမ်းကုန်ဆုံးပြီး၊ ရက်ပေါင်း ၃၀ အတွင်း သက်တမ်းအတည်ပြုမှတ်ပုံတင်ခြင်းမပြုဘဲ ရက်ပေါင်း ၃၀ ကျော်လွန်ပြီး ရက်ပေါင်း ၉၀ အတွင်း မှတ်ပုံတင်ခြင်းပြုလျှင် ဒဏ်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၂၀၀ ကို လည်းကောင်း၊ ရက်ပေါင်း ၉၀ ကျော်လွန်ပြီး ၁၈၀ အတွင်း သက်တမ်းအတည်ပြု မှတ်ပုံတင်ခြင်း ပြုလျှင် ဒဏ်ကြေးငွေအဖြစ် အမေရိကန် ဒေါ်လာ ၅၀၀ ကိုလည်းကောင်း ပေးဆောင်ရမည်။

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

၃၁။ နည်းဥပဒေ ၁၉၊၂၀ တို့နှင့်အညီ အမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် အမြဲနေထိုင်ခွင့်လက်မှတ် မိတ္တူထုတ်ပေးရန် လျှောက်ထားချက်အရ အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးရလျှင် ပျောက်ပျက်မိတ္တူ ထုတ်ပေးခအဖြစ် လျှောက်ထားသူက အမေရိကန် ဒေါ်လာ ၃၀၀ ပေးဆောင်ရမည်။

၃၂။ အမြဲနေထိုင်ခွင့် လျှောက်ထားခြင်း၊ ထုတ်ယူခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ် သက်တမ်း နှစ်စဉ်အတည်ပြုမှတ်ပုံတင်ခြင်း၊ သတ်မှတ်ဒဏ်ကြေးပေးဆောင်ခြင်းနှင့် အမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံးပျက်စီး၍ မိတ္တူထုတ်ယူခြင်းတို့အတွက် သတ်မှတ်အခကြေးငွေများကို ဌာနစိတ်တွင် သက်ဆိုင်ရာ လျှောက်ထားသူကိုယ်တိုင် ပေးဆောင်ရမည်။

## အခန်း (၁၃)
## အမြဲနေထိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

**တာဝန်များ**

၃၃။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည်-

(က) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ နှင့် တည်ဆဲဥပဒေများကို လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ဥပဒေများကိုလည်းကောင်း လေးစားလိုက်နာ၍ ကောင်းမွန်စွာ နေထိုင်ရမည်။

(ခ) မြန်မာနိုင်ငံအတွင်းရရှိသည့်ဝင်ငွေအပေါ် တည်ဆဲအခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ပေးဆောင်ရမည်။

(ဂ) အမြဲနေထိုင်ခွင့်သက်တမ်းငါးနှစ်အတွင်း မြန်မာနိုင်ငံပြင်ပတွင် တစ်နှစ်နှင့်အထက် တစ်ဆက်တည်းနေထိုင်လိုပါက ခိုင်လုံသောအကြောင်းပြချက် တင်ပြ၍ခွင့်ပြုချက်ရယူရမည်။

(ဃ) အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စု လူဦးရေစာရင်း ရရှိရေးအတွက် အခြေချနေထိုင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူးရုံး**တွင် နည်းဥပဒေ ၁၈ နှင့်အညီ လျှောက်ထားနေထိုင်ရမည်။

(င) အမြဲနေထိုင်ခွင့်လက်မှတ်ကို ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းမရှိစေရန် စနစ်တကျကိုင်ဆောင်ထိန်းသိမ်းရမည်။

**အခွင့်အရေးများ**

၃၄။ အမြဲနေထိုင်ခွင့်လက်မှတ် ရရှိသူသည် -

(က) မိမိအမည်ဖြင့်ဝယ်ယူထားသော စုပေါင်းပိုင်အဆောက်အအုံရှိ တိုက်ခန်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ခ) မိမိအမည်ဖြင့် ဝယ်ယူထားသည့် စုပေါင်းပိုင်အဆောက်အအုံရှိ တိုက်ခန်းတွင် သတ်မှတ်ချက်နှင့်အညီ အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်းပြုလုပ်နိုင်ရေးအတွက် **မြို့နယ်ဦးစီးမှူးရုံး**သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

(ဂ) မိမိနှင့် အောက်ပါအတိုင်း တော်စပ်သူများကို အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်းတွင် ထည့်သွင်းနိုင်ခွင့်နှင့် ၎င်းတို့သည် အမြဲနေထိုင်ခွင့်ရရှိသူမဟုတ်ပါက အခြေချနေထိုင်ခွင့်မရှိသော ဗီဇာဖြင့်နေထိုင်နိုင်ပြီး ဗီဇာသက်တမ်းတိုးမြှင့်လျှောက်ထား၍ နေထိုင်ခွင့်ရှိသည် -

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

(၁) တရားဝင် ဇနီး သို့မဟုတ် ခင်ပွန်း၊

(၂) တရားဝင် မိဘများ၊

(၃) တရားဝင် သားသမီးများ၊

(ဃ) အမြဲနေထိုင်ခွင့်လက်မှတ်သက်တမ်းမကုန်ဆုံးမီအချိန်ထိ အမြဲနေထိုင်ခွင့်လက်မှတ်နှင့် သက်ဆိုင်ရာနိုင်ငံ၏ သက်တမ်းရှိသော တရားဝင် နိုင်ငံကူးလက်မှတ်တို့ကို ပူးတွဲကိုင်ဆောင်၍ မြန်မာနိုင်ငံအတွင်းသို့ အကြိမ်ကြိမ်ဝင်ထွက်ခွင့်ရှိသည်။

(င) မြန်မာနိုင်ငံသားဟောင်းဖြစ်ပါက အမြဲနေထိုင်ခွင့်လက်မှတ်ဖြင့် မြန်မာနိုင်ငံတွင် ငါးနှစ်နေထိုင်ပြီးချိန်တွင် နိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုလျှင် အခြားနိုင်ငံ၏ နိုင်ငံသားဖြစ်မှုကို စွန့်လွှတ်မည်ဖြစ်ကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်ပေးရန်လျှောက်ထားခွင့်ရှိသည်။ မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်ခြင်းမခံရပါက အမြဲနေထိုင်ခွင့်လက်မှတ်အကျိုးခံစားခွင့်ကို ဆက်လက်ခံစားခွင့်ပြုရန် လျှောက်ထားနိုင်သည်။

(စ) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိပြီး ရက်ပေါင်း ၉၀ အတွင်း မိမိ၏ ကိုယ်ပိုင်သုံးပစ္စည်းများကို ပြည်ပမှတင်သွင်းပါက အကောက်ခွန်ဦးစီးဌာန၏ တည်ဆဲအမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ အကောက်ခွန်ကင်းလွတ်ခွင့်ကို ခံစားခွင့်ရှိသည်။

(ဆ) နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ထားသော ကန့်သတ်နယ်မြေ သို့မဟုတ် တားမြစ်နယ်မြေများမှတစ်ပါး အခြားနယ်မြေများသို့ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီ သွားရောက် နေထိုင်အလုပ်လုပ်ကိုင်ခွင့်ရှိသည်။

(ဇ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ မိမိအားခွင့်ပြုထားသည့် လုပ်ငန်းများ၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံသားများနည်းတူ ကျန်းမာရေးဆိုင်ရာ ဆေးဝါးကုသခံပိုင်ခွင့်ရှိသည်။

(ည) ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ပညာသင်ယူခွင့်ရှိသည်။

## အခန်း (၁၄)
## တားမြစ်ချက်များနှင့် ကန့်သတ်ချက်များ

**တားမြစ်ချက်များ**

၃၅။ အမြဲနေထိုင်ခွင့်လက်မှတ် ရရှိသူသည် -

(က) အမြဲနေထိုင်ခွင့်လက်မှတ်ကို မည်သူ့ကိုမျှလွှဲပြောင်းခြင်း၊ အပ်နှံခြင်း၊ ကိုင်ဆောင်အသုံးပြုရန် ခွင့်ပြုခြင်းမပြုရ။

(ခ) အမြဲနေထိုင်ခွင့်လက်မှတ်ပေါ်တွင် ဖော်ပြထားသောအချက်များကို နည်းဥပဒေ ၂၂ အရ မှတ်စုပါး ပြုပြင်ပြောင်းလဲခြင်း၊ တစ်စုံတစ်ရာ ပြင်ဆင်ရေးသားခြင်းနှင့် ဖြည့်စွက်ခြင်းမပြုရ။

(ဂ) စစ်ဆေးရေးအရာရှိက ယင်း၏ တာဝန်ဝတ္တရားအရ အမြဲနေထိုင်ခွင့်လက်မှတ်နှင့် အခြားလိုအပ်ချက်များ၊ စာရွက်စာတမ်း အထောက်အထားများကို စစ်ဆေးရန်တောင်းဆိုသည့် အခါတွင် ငြင်းဆိုခြင်းမပြုရ။

**ကန့်သတ်ချက်များ**

၃၆။ အမြဲနေထိုင်ခွင့် လက်မှတ်ရရှိသူသည် -

(က) လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ ပြည်သူ မှ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်အဖြစ် သော်လည်းကောင်း ရွေးချယ်ခံပိုင်ခွင့် မရှိစေရ။

(ခ) မဲဆန္ဒနယ်မြေများတွင် လွှတ်တော်တစ်ရပ်ရပ်အတွက် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ။

(ဂ) နိုင်ငံတော်အစိုးရ၏လုပ်ငန်းများတွင် နိုင်ငံတော်ဘဏ္ဍာငွေရယူခံစားသည့် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့် မရှိစေရ။

## အခန်း (၁၅)
## အမြဲနေထိုင်ခွင့်ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်း

### ရုပ်သိမ်းခြင်း

၃၇။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက အမြဲနေထိုင်ခွင့်ကို ရုပ်သိမ်းခြင်းခံရမည်-

(က) အကောင်အထည်ဖော်ရေးဗဟိုကော်မတီက နိုင်ငံတော်အကျိုးငှာ အခါအားလျော်စွာထုတ်ပြန်သည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊ လှုပ်ရှားခြင်း၊ ဆောင်ရွက်ခြင်း သို့မဟုတ် ထောက်ပံ့ကူညီခြင်း၊

(ဂ) လူမျိုးရေး၊ ဘာသာရေး သွေးကွဲစေရန် ဆောင်ရွက်ခြင်း၊ လှုပ်ရှားခြင်း သို့မဟုတ် ထောက်ပံ့ကူညီခြင်း၊

(ဃ) မူလလျှောက်ထားချက်တွင် ပါဝင်သည့်အချက်အလက်များ မမှန်ကန်ကြောင်း၊ လိမ်လည်ဖော်ပြကြောင်း၊ အတုပြုလုပ်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် တရားမဝင် ဖန်တီးကြောင်းတွေ့ရှိခြင်း၊

(င) အမြဲနေထိုင်ခွင့်လျှောက်ထားရန် ရည်ရွယ်၍ လက်ထပ်ခြင်းဖြစ်သည်ဟု စိစစ်တွေ့ရှိခြင်း၊

(စ) မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် မြန်မာနိုင်ငံသားများ၏ လက်ထပ်ထိမ်းမြားခြင်းနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသော နိုင်ငံခြားသား ဇနီး သို့မဟုတ် ခင်ပွန်းအတွက် အမြဲနေထိုင်ခွင့်ပြုချက် ရရှိပြီးနောက် မြန်မာနိုင်ငံသား ဇနီး သို့မဟုတ် ခင်ပွန်းသည် နိုင်ငံသားအဖြစ်မှရုပ်စဲခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊ တရားဝင် ဇနီး သို့မဟုတ် ခင်ပွန်းအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း၊ အမြဲနေထိုင်ခွင့် ရရှိသူသည် နောက်အိမ်ထောင်ပြုခြင်း၊

(ဆ) မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် မြန်မာနိုင်ငံသား များ၏ လက်ထပ်ထိမ်းမြားခြင်းများနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသော နိုင်ငံခြားသား ဇနီး သို့မဟုတ် ခင်ပွန်းတို့မှ မွေးဖွားသော သို့မဟုတ် မွေးစားသောအသက် ၁၈ နှစ်အောက် တရားဝင်သားသမီးများအတွက် အမြဲနေထိုင်ခွင့်လက်မှတ်ရရှိပြီးနောက် မြန်မာနိုင်ငံသား မိခင် သို့မဟုတ် ဖခင်သည် နိုင်ငံသားအဖြစ်မှ ရပ်စဲခံရခြင်း သို့မဟုတ်ရုပ်သိမ်းခံရခြင်း၊ ၎င်းသားသမီးသည် တရားဝင်သားသမီးအဖြစ်မှ စွန့်လွှတ်ခံရခြင်း၊

(ဇ) ကျွမ်းကျင်ပညာရှင် သို့မဟုတ် ရင်းနှီးမြှုပ်နှံသူဖြစ်ပါက အမြဲနေထိုင်ခွင့်ပြု ပြီး သုံးနှစ်အတွင်း မူလလုပ်ကိုင်ခဲ့သော လုပ်ငန်းအား အကောင်အထည် ဖော်ရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်မရဘဲ ပြောင်းလဲလုပ်ကိုင်ခြင်း၊

(ဈ) နည်းဥပဒေ ၃၀ အရ အမြဲနေထိုင်ခွင့်လက်မှတ် တစ်နှစ်သက်တမ်း ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၁၈၀ ပြည့်သည့်နေ့အထိ သက်တမ်း အတည်ပြုမှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊

(ည) အမြဲနေထိုင်ခွင့်ဆိုင်ရာ တားမြစ်ချက်များ၊ ကန့်သတ်ချက်များကို ချိုးဖောက်ခြင်း။

**ပယ်ဖျက်ခြင်း**

၃၈။ အမြဲနေထိုင်ခွင့်လက်မှတ် ရရှိသူသည် အောက်ပါအကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်ပါက ခွင့်ပြုထားသော အမြဲနေထိုင်ခွင့်ကိုပယ်ဖျက်ခြင်း ခံရမည် -

(က) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ သေဆုံးခြင်း၊

(ခ) ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်သဖြင့် တည်ဆဲဥပဒေအရ ပြစ်ဒဏ်စီရင်ခြင်း ခံရ ပြီးနောက် ပြည်နှင်ဒဏ်ပေးခံရခြင်း၊

၃၉။ အမြဲနေထိုင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ခွင့်မပြုခြင်း၊ အမြဲနေထိုင်ခွင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း (၁၆)
## စစ်ဆေးရေးအရာရှိများခန့်အပ်ခြင်း

၄၀။ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားသားများ၏ မြန်မာနိုင်ငံတွင်အမြဲနေထိုင်ခွင့် လျှောက်ထားခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ယူကိုင်ဆောင်အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်သူများက ဤနည်းဥပဒေနှင့် ဤနည်းဥပဒေအရ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိမရှိကို စစ်ဆေးရန် အလို့ငှာ ဦးစီးဌာနမှ လူဝင်မှုကြီးကြပ်ရေးအရာရှိများကို စစ်ဆေးရေးအရာရှိများအဖြစ် ခန့်အပ်ရေးအတွက် ဝန်ကြီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၄၁။ ဝန်ကြီးဌာနသည် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းတို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်ရမည်။

## အခန်း (၁၇)
## အထွေထွေ

၄၂။ အမြဲနေထိုင်ခွင့်လျှောက်ထားသူသည် အမြဲနေထိုင်ခွင့်လက်မှတ်မရရှိသေးမီကာလအထိ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကာလကန့်သတ်ချက်ဖြင့် ဆက်လက်နေခွင့်သက်တမ်း တိုးမြှင့်နေထိုင်ရမည်။

၄၃။ ကျွမ်းကျင်ပညာရှင် သို့မဟုတ် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်သူသည် မိမိလုပ်ကိုင်သောလုပ်ငန်းကို အမြဲနေထိုင်ခွင့်ရရှိပြီး သုံးနှစ်အတွင်းပြောင်းလဲလိုပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်နှင့်အတူ အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူရမည်။

၄၄။ ဝန်ကြီးဌာနသည် အမြဲနေထိုင်ခွင့်လျှောက်ထားခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ်လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နည်းဥပဒေပါပြဋ္ဌာန်းချက်များကို စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အလို့ငှာ လိုအပ်သည်များကို ညွှန်ကြားနိုင်သည်။

၄၅။ ဦးစီးဌာနသည် အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်းနှင့် သက်တမ်းအတည်ပြုမှတ်ပုံတင်ခြင်းကိုလည်းကောင်း၊ အမြဲနေထိုင်ခွင့်လက်မှတ် မိတ္တူထုတ်ပေးခြင်းကိုလည်းကောင်း၊ အမြဲနေထိုင်ခွင့်ရရှိသူ၏ ကိုယ်ရေးဖြစ်စဉ်ပြောင်းလဲခြင်းကိုလည်းကောင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

၄၆။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုရေးအတွက် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် လိုအပ်သည့်အရည်အချင်းစံနှုန်းများနှင့် သတ်မှတ်အမျိုးအစားအလိုက် ခွင့်ပြုလိုသည့်အရေအတွက်တို့ကို အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ တင်ပြရမည်။

နောက်ဆက်တွဲ (က)

ပုံစံအမှတ် (၁)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

## နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်လွှာ

ဤလျှောက်လွှာသည် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေအရပြုလုပ်သည့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများအရ အမြဲနေထိုင်ခွင့်အတွက် လျှောက်ထားခြင်းဖြစ်သည်။

### အပိုင်း (က)

### လျှောက်ထားသူ၏ ကိုယ်ရေးအချက်များ (လျှောက်ထားသူဖြည့်သွင်းရန်အချက်များ)

| ၁.၅ လက်မနှင့် ၂ လက်မ အရွယ် ဓာတ်ပုံ |
|---|

၁။ ခရီးသွားအထောက်အထားလက်မှတ်ပါအမည် ............................

၂။ အခြားအမည်ရှိလျှင် ..........................................................

၃။ လိင် ..................................................................................

☐ ကျား ☐ မ

၄။ နိုင်ငံသား

(က) လက်ရှိ ..........................................................................

(ခ) ယခင် ............................................................................

၅။ မွေးသက္ကရာဇ် .................................................................

၆။ မွေးဖွားရာဒေသ ...............................................................

၇။ ကိုးကွယ်သည့်ဘာသာ .........................................................

၈။ တတ်ကျွမ်းသည့် စာပေ / ဘာသာစကားအမျိုးအစားများ

| စဉ် | ဘာသာစကား | တတ်ကျွမ်းနားလည်နိုင်မှုစွမ်းရည် | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | အရေး | | | အဖတ် | | | အပြော | | | |
| | | ကျွမ်းကျင် | အသင့်အတင့် | အနည်းငယ် | ကျွမ်းကျင် | အသင့်အတင့် | အနည်းငယ် | ကျွမ်းကျင် | အသင့်အတင့် | အနည်းငယ် | |
| ၁ | | | | | | | | | | | |
| ၂ | | | | | | | | | | | |

(မှတ်ချက်။ ဘာသာစကား၌ **မြန်မာ / အင်္ဂလိပ် / တရုတ် / ဂျပန် / ပြင်သစ်**စသည်ဖြင့် တတ်ကျွမ်းသည့် ဘာသာစကားများဖော်ပြရန်)

၉။ အရပ်အမြင့်ကိုယ်အလေးချိန် ..........................................................................

၁၀။ ထင်ရှားသည့်အမှတ်အသား ..........................................................................

၁၁။ အိမ်ထောင်ရှိ/ မရှိ ..........................................................................

၁၂။ နိုင်ငံကူးလက်မှတ် အမှတ် ..........................................................................

၁၃။ ထုတ်ပေးသည့်ရက်စွဲ ..........................................................................

၁၄။ ကုန်ဆုံးမည့်ရက်စွဲ ..........................................................................

၁၅။ ထုတ်ပေးသည့်နေရာ ..........................................................................

၁၆။ မြန်မာနိုင်ငံသို့ပထမဆုံးရောက်ရှိသည့်ရက်စွဲ ........... ဝင်ရောက်သည့်လေဆိပ်......

..........................................................................

၁၇။ ဗီဇာအမျိုးအစား(ထုတ်ပေးသည့်ရက်စွဲနှင့်နေရာ) ..............................................

၁၈။ မြန်မာနိုင်ငံတွင်နေထိုင်ခဲ့သည့်ကာလနှင့်နေရပ်လိပ်စာ ......................................

..........................................................................

၁၉။ အမြဲတမ်းနေရပ်လိပ်စာ ..........................................................................

..........................................................................

၂၀။ မြန်မာနိုင်ငံတွင် အမြဲနေထိုင်မည့်လိပ်စာ ............................................................

.........................................................................................................................

၂၁။ မြန်မာနိုင်ငံသို့လာရောက်လိုသည့်ရည်ရွယ်ချက်(အသေးစိတ်ဖော်ပြရန်) ...............

.........................................................................................................................

၂၂။ မြန်မာနိုင်ငံတွင်နေထိုင်စဥ် အာမခံပေးသောသူ၏ အမည်နှင့်လိပ်စာ ...................

.........................................................................................................................

၂၃။ လက်ရှိအလုပ်အကိုင် .........................................................................................

၂၄။ လွန်ခဲ့သော ၁ နှစ်အတွင်းလုပ်ကိုင်ခဲ့သောအလုပ်အကိုင်....................................

.........................................................................................................................

**ကတိဝန်ခံချက်**

၂၅။ အပိုဒ် (၂၀) ပါ ဖော်ပြချက်အပြင်အမြဲနေထိုင်ခွင့်ပြုပြီး (၃) နှစ်အတွင်း မူလလုပ်ကိုင်ခဲ့သောလုပ်ငန်းအား အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲလုပ်ကိုင်ခြင်းမပြုကြောင်း ကတိပြုပါသည်။

၂၆။ နိုင်ငံရေးပါတီအဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊ လှုပ်ရှားခြင်း၊ ဆောင်ရွက်ခြင်း၊ ထောက်ပံ့ကူညီခြင်းနှင့်လူမျိုးရေး၊ ဘာသာရေးသွေးကွဲစေရန်လှုပ်ရှားခြင်း ထောက်ပံ့ကူညီခြင်းမပြုကြောင်း ကတိပြုပါသည်။

၂၇။ ကျွန်တော်/ကျွန်မသည် အမြဲနေထိုင်ခွင့် လျှောက်ထားရာတွင် ကြိုတင်ရည်ရွယ်ချက်ဖြင့် မမှန်မကန်ဖော်ပြခြင်း သို့မဟုတ် မသမာသောနည်းဖြင့်ပြင်ဆင် ဖော်ပြခြင်း သို့မဟုတ် ထိမ်ချန်ဖော်ပြခြင်းများပြုလုပ်မိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ တရားစွဲဆိုခြင်း/ပြည်နှင်ခြင်းခံရမည်ဖြစ်ကြောင်း သိရှိနားလည်သဘောပေါက်ပါသည်။

**သတိပေးချက်**

၂၈။ (က) ကာယကံရှင်ကိုယ်တိုင်လျှောက်ထားရမည်။

(ခ) အထက်ပါ အကြောင်းအရာများနှင့်စပ်လျဥ်း၍ အထောက်အထားမူရင်းနှင့် မိတ္တူ (၃)စုံကို ဤလျှောက်လွှာနှင့်အတူပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားမှု အခကြေးငွေမှာ အမေရိကန်ဒေါ်လာ (၅၀၀)ဖြစ်ပြီး လျှောက်ထားမှုခွင့်ပြုချက် ရရှိသည်ဖြစ်စေ/မရရှိသည်ဖြစ်စေ အခကြေးငွေကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

(ဃ) ပြစ်မှုတစ်စုံတစ်ရာကိုကျူးလွန်ခြင်း၊ ပါဝင်ပတ်သက်ခြင်းရှိလျှင် သက်ဆိုင်ရာနိုင်ငံတရားရုံး၏ စီရင်ဆုံးဖြတ်သည့်ပြစ်ဒဏ်အတိုင်း ကျခံရမည်။

(င) မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ အခွန်ထမ်းဆောင်နိုင်သူဖြစ်ပြီး အချုပ်အခြာအာဏာကို လေးစားလိုက်နာ၍ နိုင်ငံ၏အကျိုးစီးပွားအတွက် အလေးထားလိုသူ၊ ကူညီပံ့ပိုးဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

လျှောက်ထားသူလက်မှတ် ............................................

ဆက်သွယ်နိုင်မည့်ဖုန်းနံပါတ် ............................................

ရက်စွဲ ............................................

**(ရုံးမှရေးသွင်းရန်)**

လျှောက်လွှာနံပါတ် .......................................

ရက်စွဲ .......................................

မိတ္တူမှန်.......................................

စစ်ဆေးပြီး ...................................

စစ်ဆေးရေးအရာရှိ

**အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

နေ့စွဲ.............................

---

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

**လက်ခံရရှိခြင်း**

ကျွန်တော်/ကျွန်မ၏ အထောက်အထား စာရွက်စာတမ်းများ (မူရင်း)ကို ............................ တွင် ရရှိခဲ့ပါသည်။

| **လွှဲပြောင်းပေးအပ်သူ** | | **လက်ခံရရှိသူ** | |
|---|---|---|---|
| လက်မှတ် | .......................................... | လက်မှတ် | .......................................... |
| ရာထူး | .......................................... | ရာထူး | .......................................... |
| ရက်စွဲ | .......................................... | ရက်စွဲ | .......................................... |

**အပိုင်း (ခ)**

**သီးခြားတင်ပြရမည့် အရည်အချင်းဆိုင်ရာ အချက်အလက်များ (အထောက်အထားများ ပူးတွဲတင်ပြရန်)**

၁။ ပညာအရည်အချင်း

| စဉ် | ဘွဲ့ အမျိုးအစား | ကာလ | | ကျောင်းအမည်၊ လိပ်စာ | အရည်အချင်း သတ်မှတ်ချက် | အချိန်ပြည့်/ အချိန်ပိုင်း |
|---|---|---|---|---|---|---|
| | | မှ | ထိ | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

၂။ တက်ရောက်ခဲ့ဖူးသောသင်တန်းများ

| စဉ် | သင်တန်း အမည် | ကာလ | | ကျောင်း/ အဖွဲ့အစည်းအမည်၊ လိပ်စာ | အရည်အချင်း သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | မှ | ထိ | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

၃။ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းခွင် အတွေ့အကြုံများ

| စဉ် | လုပ်ကိုင်ခဲ့သောလုပ်ငန်းများ | ကာလ | | အဖွဲ့အစည်းအမည်၊ လိပ်စာ | ရာထူး/ တာဝန် | ပျှမ်းမျှ လစာနှုန်း |
|---|---|---|---|---|---|---|
| | | မှ | ထိ | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

၄။ လုပ်ငန်းနယ်ပယ် (ပညာရေး၊ စီးပွားရေး၊ လူမှုရေး)တို့တွင် ပါဝင်ဆောင်ရွက်ခဲ့မှုများ

| စဉ် | လုပ်ငန်းနယ်ပယ်/ အဖွဲ့အစည်းအမည် | ကာလ | | တည်နေရာ | ထမ်းဆောင်ခဲ့သည့်တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | မှ | ထိ | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

၅။ လွန်ခဲ့သည့် (၅)နှစ်တာ ကာလအတွင်း (လက်ရှိအချိန်ထိ) နေထိုင်ခဲ့သည့် နိုင်ငံများ

| စဉ် | နေထိုင်ခဲ့သည့် နိုင်ငံ | ကာလ | | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|
| | | မှ | ထိ | | |
| | | | | | |
| | | | | | |
| | | | | | |

၆။ မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်လျက်ရှိသည့်/လုပ်ကိုင်လိုသည့် လုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းအမျိုးအစား | ကာလ | | ကုမ္ပဏီ/ အမည် အဖွဲ့အစည်း လိပ်စာ | သက်ဆိုင်ရာဝန်ကြီးဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| | | မှ | ထိ | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

မှတ်ချက်။ အနည်းဆုံး (၁)နှစ်သက်တမ်းနှင့် အထက်ရှိသည့် အလုပ်ခန့်စာ သို့မဟုတ် ခွင့်ပြု ဖိတ်ခေါ်စာပူးတွဲတင်ပြရမည်။

၇။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းအမျိုးအစား ......................................

(က) ရင်းနှီးမြှုပ်နှံမှု ပမာဏ/ငွေကြေး ........................................................

(ခ) ဆက်သွယ်ဆောင်ရွက်မည့်ဘဏ်နှင့်ဘဏ်စာရင်းအမှတ် ........................

(ဂ) ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက ခွင့်ပြုမိန့်အထောက်အထား (မူရင်း/မိတ္တူ) ..................................................

(ဃ) မြန်မာကုမ္ပဏီအက်ဥပဒေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင် လက်မှတ် (မူရင်း/မိတ္တူ) ..................................................

(င) အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ခြင်းဖြစ်ပါက သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထုတ်ပေးသည့် ခွင့်ပြုမိန့် (မူရင်း/မိတ္တူ) ............

..............................................................................................

(စ) အထက်အပိုဒ်ခွဲ(က)ပါ ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ညီမျှသောငွေကြေးပမာဏအားပိုင်ဆိုင်ကြောင်း အထောက်အထားများအား ပူးတွဲတင်ပြရမည်။

(ဆ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း အစီအစဥ် ...........................................

(ဇ) (၃)နှစ်စာငွေစာရင်းအတွက် အထောက်အထားမှတ်တမ်း .......................

၈။ မြန်မာနိုင်ငံသားဟောင်းဖြစ်ပါကသီးခြားတင်ပြရမည့် ကိုယ်ရေးအချက်အလက်

(က) ယခင်ကိုင်ဆောင်ခဲ့သည့် မြန်မာနိုင်ငံကူးလက်မှတ်အမှတ် ......................

(ခ) ထုတ်ပေးသည့်ရက်စွဲ ...................................................................

(ဂ) သက်တမ်းကုန်ဆုံးသည့်ရက်စွဲ .....................................................

(ဃ) ထုတ်ပေးသည့်နေရာ ..................................................................

(င) မြန်မာနိုင်ငံမှထွက်ခွာခဲ့သည့်ရက်စွဲနှင့်ဗင်ထွက်ပေါက်...........................

(စ) မြန်မာနိုင်ငံမှ ထွက်ခွာခဲ့သည့် အကြောင်းအရာ ..................................

(ဆ) ကိုင်ဆောင်ခဲ့သောအမျိုးသားမှတ်ပုံတင်အမှတ် ..................................

(ဇ) မြန်မာနိုင်ငံတွင်နေထိုင်ခဲ့သောလိပ်စာ ............................................

၉။ မြန်မာနိုင်ငံအတွင်းနေထိုင်စဉ် နေထိုင်စားသောက်မှုအတွက် တင်ပြရမည့် ပိုင်ဆိုင်မှုများ (အထောက်အထားပူးတွဲတင်ပြရန်) (မြန်မာနိုင်ငံသားဟောင်းများ အတွက်သာ)

(က) လက်ဝယ်ရှိငွေကြေး ..............................................................................

(ခ) ဘဏ်ရှိငွေကြေး ..............................................................................

(ဂ) မရွှေ့မပြောင်းနိုင်သောပိုင်ဆိုင်မှု ..............................................................................

၁၀။ မြန်မာနိုင်ငံသားဟောင်းအတွက် တာဝန်ယူအာမခံမည့်သူ၏ ကိုယ်ရေးအချက်အလက်များ

(က) အမည် ..............................................................................

(ခ) မွေးသက္ကရာဇ် (ရက်/လ/နှစ်) ..............................................................................

(ဂ) ဖခင်အမည် ..............................................................................

(ဃ) အလုပ်အကိုင် ..............................................................................

(င) အမြဲနေထိုင်ခွင့်လျှောက်ထားသူနှင့်တော်စပ်ပုံ ..............................................................................

(စ) နေရပ်လိပ်စာ ..............................................................................

(ဆ) ဖုန်းနံပါတ် ..............................................................................

တာဝန်ခံသူ၏လက်မှတ် ..........................................

၁၁။ မြန်မာနိုင်ငံသားနှင့်ဆက်စပ်သော နိုင်ငံခြားသားဖြစ်ပါက ကာယကံရှင်၏ ဝန်ခံကတိပြုချက် -

........................................ နိုင်ငံသား၊ ကျွန်တော်/ကျွန်မ .................................... သည် မြန်မာနိုင်ငံသား ဦး/ဒေါ် .................................... အား တည်ဆဲ .................................... .................. ဓလေ့ထုံးတမ်းဥပဒေအရ လွန်ခဲ့သော ( ) နှစ်ကတည်းက တရားဝင်လက်ထပ်ခဲ့ပါသည်။ ၎င်းမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်အား ခင်ပွန်း/ဇနီးအဖြစ် လက်ထပ်ထားခြင်းမရှိပါကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုပါသည်။

ဝန်ခံကတိပြုသူ၏လက်မှတ် ..........................

အမည် ......................................................

ဆက်သွယ်နိုင်မည့်ဖုန်းနံပါတ် ........................

၁၂။ မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့် လျှောက်ထားမှုအတွက် တင်ပြသည့် အထောက်အထားများနှင့်စပ်လျဉ်း၍ ကတိပြုချက် -

(က) ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအရ အမြဲနေထိုင်ခွင့်ရရှိရန် **လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန**သို့ လျှောက်ထားမှုအတွက် ဝင်ငွေ သို့မဟုတ် ဝင်ငွေဆိုင်ရာ အချက်အလက်များ၊ အခြားသတင်းအချက် အလက်များနှင့် စပ်လျဉ်း၍ စိစစ်နိုင်သည်ဟူသော သဘောတူညီချက်ဖြင့် လျှောက်လွှာပုံစံအား ပြည့်စုံစွာ ဖြည့်စွက်အပ်ပါသည်။

(ခ) အမြဲနေထိုင်ခွင့်ရရှိရန် လျှောက်ထားမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် **လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန**မှ စိစစ်ရန် သဘောတူပါသည်။ အမြဲနေထိုင်ခွင့် လျှောက်ထားမှုအား စိစစ်ရန် အတွက် အဆိုပါအချက်အလက် အထောက်အထားများကို ပူးတွဲ တင်ပြအပ်ပါသည်။

*** (၂၇-၄-၂၀၁၇) ရက်စွဲပါ ပြည်ထောင်စုဝန်ကြီးရုံး၏ နည်းဥပဒေပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၇) အရ အစားထိုးသည်။**

(ဂ) အမြဲနေထိုင်ခွင့်လျှောက်လွှာတွင် ဖော်ပြထားသော အချက်အလက်များသည် မှန်ကန်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

....................... ..........................................................................

အမည် နိုင်ငံသားလက်မှတ် အမှတ် /နိုင်ငံကူးလက်မှတ် အမှတ်

....................... ..........................................................................

လျှောက်ထားသူလက်မှတ် နေ့စွဲ

**အပိုင်း (ဂ)**

**အမြဲနေထိုင်ခွင့်လျှောက်ထားသူ၏ မိသားစုဝင်များနှင့် သက်ဆိုင်သည့် ကိုယ်ရေးအချက်အလက်များ (အိမ်ထောင်စုလူဦးရေစာရင်းပူးတွဲတင်ပြရမည်)**

**၁။ အမြဲနေထိုင်ခွင့်လျှောက်ထားသူ မိဘများ၏ကိုယ်ရေးအချက်အလက်များ -**

(က) ဖခင်နှင့်မိခင် အမည်အပြည့်အစုံ ........................................................

(ခ) နိုင်ငံသား ..................................................................................

(ဂ) လူမျိုး ........................................................................................

(ဃ) ကိုးကွယ်သည့်ဘာသာ ....................................................................

(င) မှတ်ပုံတင်အမှတ်/ သက်သေခံလက်မှတ်အမှတ် ....................................

(စ) မွေးသက္ကရာဇ် (ရက်/လ/နှစ်) ...........................................................

(ဆ) မွေးဖွားရာဒေသ ..........................................................................

(ဇ) အမြဲတမ်းနေရပ်လိပ်စာ ...................................................................

(ဈ) အသက်ထင်ရှားရှိ/မရှိ ...................................................................

**၂။ အမြဲနေထိုင်ခွင့်လျှောက်ထားသူ ဇနီး/ ခင်ပွန်း မိဘများ၏ ကိုယ်ရေးအချက်အလက်များ -**

(က) ဖခင်နှင့်မိခင် အမည်အပြည့်အစုံ ........................................................

(ခ) နိုင်ငံသား ..................................................................................

(ဂ) လူမျိုး ........................................................................................

(ဃ) ကိုးကွယ်သည့်ဘာသာ ....................................................................

(င) မှတ်ပုံတင်အမှတ်/ သက်သေခံလက်မှတ်အမှတ် ....................................

(စ) မွေးသက္ကရာဇ် (ရက်/လ/နှစ်) ...........................................................

(ဆ) မွေးဖွားရာဒေသ ..........................................................................

(ဇ) အမြဲတမ်းနေရပ်လိပ်စာ ...................................................................

(ဈ) အသက်ထင်ရှားရှိ/မရှိ ...................................................................

၃။ **အမြဲနေထိုင်ခွင့်လျှောက်ထားသူ ဇနီး/ခင်ပွန်း၏ ကိုယ်ရေးအချက်အလက်များ**

(က) နိုင်ငံကူးလက်မှတ်ပါအမည်...........................................................

(ခ) အခြားအမည်ရှိလျှင် ...........................................................................

(ဂ) လိင်

☐ ကျား ☐ မ

(ဃ) နိုင်ငံသား ........................................................................................

(င) လူမျိုး ...............................................................................................

(စ) ဘာသာ ...........................................................................................

(ဆ) မွေးသက္ကရာဇ် ...................................................................................

(ဇ) မွေးဖွားရာဒေသ ................................................................................

(ဈ) အလုပ်အကိုင် ...................................................................................

(ည) လက်ထပ်စာချုပ်(မူရင်း/မိတ္တူ)............................................................

(ဋ) လက်ထပ်သည့်ရက်စွဲ (ရက်/လ/နှစ်) ....................................................

(ဌ) လက်ထပ်ခဲ့သည့်နိုင်ငံ .........................................................................

(ဍ) နိုင်ငံသားခံယူထားသောနိုင်ငံရှိနေရပ်လိပ်စာ .........................................

(ဎ) နိုင်ငံကူးလက်မှတ် အမှတ် ...................................................................

(ဏ) ထုတ်ပေးသည့်ရက်စွဲ .........................................................................

(တ) ကုန်ဆုံးမည့်ရက်စွဲ ............................................................................

(ထ) ဗီဇာအမျိုးအစား (ထုတ်ပေးရက်စွဲနှင့်နေရာ) .........................................

(ဒ) မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်ဝင်ရောက်ခဲ့သည့်နေ့ .............................

(ဓ) မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သည့်ကာလ .................................................

(န) လက်ရှိမြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သောလိပ်စာ ...........................

(ပ) ယခင်ကလက်ထပ်ခဲ့ဘူးခြင်းရှိ/မရှိ ...................... ရှိ/မရှိ ......................

(ဖ) ယခင်လက်ထပ်ခဲ့ဘူးခြင်းရှိပါကသီးခြားစာရွက်ဖြင့် အသေးစိတ်ဖော်ပြရန်

(ဗ) လွန်ခဲ့သည့် (၃)နှစ်မှ ယနေ့အထိလျှောက်ထားသူ၏ ဇနီး/ခင်ပွန်း (၁)နှစ် (သို့မဟုတ်) (၁)နှစ် ထက်ပို၍ နေထိုင်ခဲ့ဖူးသောနိုင်ငံများနှင့် လိပ်စာများအား ဖော်ပြရန်၊

မှ ........................................................ ထိ ..................................................

နေရပ်လိပ်စာ ..................................................................................................

နိုင်ငံ ...............................................................................................................

၄။ **အမြဲနေထိုင်ခွင့်လျှောက်ထားသူ၏ သားသမီးနှင့်စပ်လျဉ်းသည့် ကိုယ်ရေးအချက်အလက်များ (တစ်ဦးထက်ပိုပါက သီးခြားစာရွက်ဖြင့်ဖော်ပြရန်)**

(က) နိုင်ငံကူးလက်မှတ်ပါအမည် .................................................................

(ခ) ကျား/မ ......................................................................................................

(ဂ) မွေးသက္ကရာဇ် (ရက် /လ/နှစ်) ................................................................

(ဃ) နိုင်ငံသား ..................................................................................................

(င) နိုင်ငံသားလက်မှတ်အမှတ် ...................................................................

(စ) ခရီးသွားအထောက်အထား(နိုင်ငံကူးလက်မှတ်)

(၁) အမျိုးအစား ..........................................................................

(၂) နိုင်ငံကူးလက်မှတ်အမှတ်.......................................................

(၃) ထုတ်ပေးသည့်ရက်စွဲနှင့်ကုန်ဆုံးမည့်ရက်စွဲ ..................................

(၄) ဗီဇာအမျိုးအစား .....................................................................

(၅) ထုတ်ပေးရက်စွဲနှင့် ကုန်ဆုံးရက်စွဲ ...............................................

(၆) မြန်မာပြည်သို့ စတင်ဝင်ရောက်သည့်ရက်စွဲ ..................................

(၇) နေထိုင်ခဲ့သည့်ကာလ ...............................................................

(၈) လက်ရှိမြန်မာနိုင်ငံတွင် နေထိုင်မည့် လိပ်စာ ...............................

(၉) အမြဲနေထိုင်ခွင့်လျှောက်ထားသူနှင့်အတူ တစ်ပါတည်းလျှောက်ထားခြင်း ရှိ/မရှိ ..........................................................................

...................................................................................................

**အပိုင်း (ဃ)**

**အမြဲနေထိုင်ခွင့်လျှောက်ထားသူ၏ အခြားတရားဝင် သားသမီးများ (မွေးစားသားသမီးများ) နှင့် စပ်လျဉ်းသည့် အချက်အလက်များ**

၁။ အခြားလက်ထပ်ခြင်းရှိက တင်ပြရမည့် အချက်အလက်များ

(က) ဇနီး/ခင်ပွန်း၏အမည် ..........................................................................

(ခ) နိုင်ငံသား ..........................................................................

(ဂ) မွေးဖွားရာဒေသ ..........................................................................

(ဃ) မွေးသက္ကရာဇ် (ရက်/လ/နှစ်) ..........................................................................

(င) လက်ထပ်သည့်ရက်စွဲ (ရက် /လ/နှစ်) ..........................................................................

(စ) လက်ရှိနေရပ် ..........................................................................

(ဆ) ကွာရှင်း/သေဆုံးခြင်းဖြစ်ပါကရက်စွဲ (ရက်/ လ/နှစ်) ..............................

၂။ အခြားတရားဝင်သားသမီးများ (မွေးစားသားသမီးများ) ရှိပါက ကိုယ်ရေးအချက်အလက်များ (တစ်ဦးထက်ပိုပါကသီးခြားစာရွက်ဖြင့်ဖော်ပြရန်)

(က) အမည်..........................................................................

(ခ) မွေးဖွားရာဒေသ ..........................................................................

(ဂ) မွေးဖွားသည့်ရက်စွဲ (ရက် /လ/နှစ်) ..........................................................................

(ဃ) နိုင်ငံသား ..........................................................................

(င) ပညာအရည်အချင်း ..........................................................................

(စ) အဘအရင်းအမည် ..........................................................................

(ဆ) အမိအရင်းအမည် ..........................................................................

(ဇ) မွေးစားမိဘအမည် ..........................................................................

(ဈ) မွေးစားသည့် ရက်စွဲ(ရက် /လ/နှစ်) ..........................................................................
(အင်္ဂလိပ်ဘာသာဖြင့် Notary Public ပြုလုပ်ထားသည့် တရားဝင်အုပ်ထိန်းခွင့် သက်သေခံလက်မှတ် ပူးတွဲတင်ပြရမည်)

(ည) လက်ရှိနေရပ်လိပ်စာ ........................................................................

..........................................................................................................

(ဋ) ခရီးသွားအထောက်အထား (နိုင်ငံကူးလက်မှတ်)

(၁) အမျိုးအစား ..............................................................................

(၂) နိုင်ငံကူးလက်မှတ်အမှတ်...........................................................

(၃) ထုတ်ပေးရက်စွဲနှင့်ကုန်ဆုံးရက်စွဲ ...............................................

(၄) ဗီဇာအမျိုးအစား .......................................................................

(၅) ထုတ်ပေးရက်စွဲနှင့်နေရာ ..........................................................

(၆) မြန်မာနိုင်ငံသို့စတင်ဝင်ရောက်သည့်ရက်စွဲ ..................................

(၇) မြန်မာနိုင်ငံတွင်နေထိုင်ခဲ့သည့်ကာလ.........................................

**အပိုင်း (င)**

**အမြဲနေထိုင်ခွင့်တစ်ပါတည်းလျှောက်ထားမည့် ဇနီး၊/ခင်ပွန်း၊ သားသမီးများနှင့်စပ်လျဉ်းသည့် အချက်အလက်များ**

| စဉ် | အမည် | မွေးသက္ကရာဇ် | ကျား / မ | တော်စပ်ပုံ | ဓါတ်ပုံ |
|---|---|---|---|---|---|
| | | | | | ဇနီး/ခင်ပွန်း ဓါတ်ပုံ |
| | | | | | သား/သမီး ဓါတ်ပုံ |
| | | | | | သား/သမီး ဓါတ်ပုံ |
| | | | | | သား/သမီး ဓါတ်ပုံ |

**အပိုင်း(စ)**

**အမြဲနေထိုင်ခွင့် လျှောက်ထားသူနှင့် မိသားစုဝင်တို့၏ သီးခြားဖော်ပြချက်နှင့် ကတိပြုဝန်ခံချက်**

၁။ သက်တမ်းရှိသောနိုင်ငံကူးလက်မှတ် တစ်မျိုးထက်ပို၍ ကိုင်ဆောင်သူဖြစ်ပါက ဖော်ပြရန် -

(က) နိုင်ငံကူးလက်မှတ်ပါအမည် ..................................................................

(ခ) နိုင်ငံသား ........................................................................................

(ဂ) မွေးသက္ကရာဇ် ..................................................................................

(ဃ) နိုင်ငံကူးလက်မှတ် အမျိုးအစား ........................................................

(င) နိုင်ငံကူးလက်မှတ်အမှတ် ..................................................................

(စ) ထုတ်ပေးရက်စွဲနှင့် ကုန်ဆုံးရက်စွဲ ......................................................

(ဆ) ထုတ်ပေးသည့်နိုင်ငံ ...........................................................................

(ဇ) အသုံးပြုခဲ့သည့်နိုင်ငံကူး လက်မှတ်များပါ အသေးစိတ်အချက်အလက်များကို ဖော်ပြပေးရန် ..........................................................................

၂။ အမြဲနေထိုင်ခွင့်လျှောက်ထားသူနှင့် **အပိုင်း(င)** တွင်ပါရှိသည့် မိသားစုဝင်တို့သည် -

(က) အပြည်ပြည်ဆိုင်ရာဒုက္ခသည်အဖြစ် သတ်မှတ်ခြင်းမခံရသူ၊ အခြားနိုင်ငံတစ်ခုခု၏ နိုင်ငံရေးခိုလှုံခွင့် ခံယူထားခြင်းမရှိသူဖြစ်ပါသည်။

(ခ) ပြည်တွင်း၊ ပြည်ပနှင့် နိုင်ငံတကာပြစ်မှုမှတ်တမ်းဝင် မရှိသူဖြစ်ပါသည်။

(ဂ) ကျန်းမာရေးကောင်းမွန်ကြောင်း၊ ကူးစက်ရောဂါ ကင်းရှင်းကြောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ တရားဝင်ထောက်ခံချက်(မူရင်း) ပူးတွဲတင်ပြပါသည်။

(ဃ) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး နိုင်ငံ၏အကျိုးစီးပွားအတွက် အလေးထားဆောင်ရွက်ပါမည်။

၃။ အမြဲနေထိုင်ခွင့်ရရှိရန် အောက်ပါပုဂ္ဂိုလ်များအတွက် လျှောက်ထားအပ်ပါသည် -

**မိမိကိုယ်တိုင်/ဇနီး/ခင်ပွန်း** ( လျှောက်လွှာပုံစံ၏ အပိုင်း“ဂ”(သို့မဟုတ်) “င”တွင် ဖော်ပြထားသည့်)/

**သားသမီးများ** ( လျှောက်လွှာပုံစံအပိုင်း“ဂ”နှင့်“ဃ”(သို့မဟုတ်) “င”တွင် ဖော်ပြထားသည့်)

၄။ ဤလျှောက်လွှာတွင် ဖော်ပြထားသောအချက်အလက်များနှင့် ပူးတွဲဖော်ပြထားသော စာရွက်စာတမ်းများအားလုံးသည် မှန်ကန်ပါကြောင်း၊ အတုပြုလုပ်ခြင်း၊ ပြင်ဆင်ထားခြင်း မရှိပါကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုအပ်ပါသည်။

၅။ အမြဲနေထိုင်ခွင့်လက်မှတ် မှတ်ပုံတင်လျှောက်ထားရာတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာ၌ စိစစ်အတည်ပြုနိုင်ရေးအတွက် လျှောက်ထားသူ၏ လက်ဗွေရာများနှင့် ဓါတ်ပုံတို့ကိုလိုအပ်သလိုဆောင်ရွက်နိုင်ရန် သဘောတူညီပါသည်။

၆။ အမြဲနေထိုင်ခွင့် လျှောက်ထားရာတွင် လျှောက်ထားသူထံမှ လိုအပ်သည့် အချက်အလက်များအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာ၌ စိစစ်အတည်ပြုနိုင်ရေးအတွက်လိုအပ်သော မည်သည့်စုံစမ်းမေးမြန်းမှုမျိုးမဆို လိုက်နာမည်ဖြစ်ကြောင်း သိရှိသဘောတူညီပါသည်။

| ...................... | ........................................................................... |
|---|---|
| ရက်စွဲ | လျှောက်ထားသူ၏ လက်မှတ် သို့မဟုတ် ဘယ်လက်ဗွေ |

...........................................................................

လျှောက်ထားသူ၏ ဇနီး/ခင်ပွန်း လက်မှတ်
(သို့မဟုတ်) ဘယ်လက်ဗွေ

...........................................................................

လျှောက်ထားသူ၏ သားသမီး၏ လက်မှတ်
(သို့မဟုတ်) ဘယ်လက်ဗွေ

(အကယ်၍ အမြဲနေထိုင်ခွင့်လျှောက်ထားသူနှင့်အတူ
တစ်ပါတည်းလျှောက်ထားလျှင်)

နောက်ဆက်တွဲ (ခ)

ပုံစံအမှတ် (၂)



## အမြဲနေထိုင်ခွင့် လက်မှတ်ထုတ်ပေးရန် လျှောက်လွှာပုံစံ

၁။ အမည် ..................................................................................................

၂။ အခြားအမည်ရှိလျှင် ....................................................................................

၃။ နိုင်ငံကူးလက်မှတ် အမှတ် ............................................................................

၄။ အဘအမည် ..............................................................................................

၅။ လူမျိုးနှင့်နိုင်ငံသား ....................................................................................

၆။ ကျား/မ ....................................................................................................

၇။ မွေးသက္ကရာဇ် ..........................................................................................

၈။ လက်ရှိအလုပ်အကိုင် ...................................................................................

၉။ လက်ရှိနေရပ်လိပ်စာ (အပြည့်အစုံ) .................................................................

..........................................................................................................

၁၀။ မြန်မာနိုင်ငံအတွင်းနေထိုင်ခဲ့သည့်ကာလနှင့် နေထိုင်ခဲ့သည့်ဒေသ -

| စဉ် | ခုနှစ်မှ ခုနှစ်ထိ | နေထိုင်ခဲ့သည့်နေရပ်လိပ်စာ |
|---|---|---|
| ၁ | | |
| ၂ | | |
| ၃ | | |
| ၄ | | |
| ၅ | | |

၁၁။ ပူးတွဲတင်ပြသည့် အထောက်အထား-

(၁) ....................................................................................................

(၂) ........................................................................................................

(၃) ........................................................................................................

(၄) ........................................................................................................

(၅) ........................................................................................................

၁၂။ အထွေထွေတင်ပြချက် ။ ................................................................................

........................................................................................................

........................................................................................................

လျှောက်ထားသူလက်မှတ်

၁၃။ အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ၏ သဘောထားမှတ်ချက် ........................................................................................

........................................................................................................

........................................................................................................

ဥက္ကဋ္ဌ

အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

၁၄။ အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ သဘောထားမှတ်ချက် ........................................................................................

........................................................................................................

........................................................................................................

ဥက္ကဋ္ဌ

အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာအကောင်အထည်ဖော်ရေးဗဟိုကော်မတီ

နောက်ဆက်တွဲ (ဂ)

ပုံစံအမှန (၃)

## အမြဲနေထိုင်ခွင့်လက်မှတ် သက်တမ်းအတည်ပြုမှတ်ပုံတင်ရန်လျှောက်လွှာပုံစံ

၁။ အမည်အပြည့်အစုံ ..........................................................................................

၂။ အခြားအမည်ရှိလျှင် ......................................................................................

၃။ လူမျိုးနှင့်နိုင်ငံသား .......................................................................................

၄။ ကျား/မ .........................................................................................................

၅။ အမြဲနေထိုင်ခွင့်လက်မှတ်အမှတ်နှင့်ရက်စွဲ ......................................................

၆။ အလုပ်အကိုင် .................................................................................................

၇။ မြန်မာပြည်နေရပ်လိပ်စာ ...............................................................................

၈။ အဘအမည်၊ နိုင်ငံသား ...................................................................................

